# လက္ခဏာဝိပဿနာရှုဘွယ်ကျမ်း။

ဇေယျတု။ ။ဗုဒ္ဓုပ္ပါဒ။နဝမအခါဝယ်။သာသနာတော်
ကို။ယုံကြည်လေးမြတ်။ဆည်းကပ်ကိုးကွယ်ကြ
သောကုလပုတ္တတို့၏အကျိုးကို။မြှော်ကိုး
ရှုကြည့်လျက်။နိရန္တရ။ကာလမချာ။
သွန်းချရွာသော။
မဟာမေဃာဝန်။ရေတံခွန်ကဲ့သို့။ဓွေ
သွန်ဖြိုးစွာ။ဒေသနာရေဇေး။အမြိုက်ဆေး
ကို။တိုက်ကျွေးဝေငှလိုက်သော။

# လက္ခဏာဝိပဿနာရှုဘွယ်ကျမ်း။

ရန်ကုန်မြို့။
ဆူးလေဘုရားလမ်း။ဟံသာဝတီသတင်းစာတိုက်။
၁၉၁၇ ခုနှစ်။

# ပဏာမနိဒါန်း။

အစိန္တိတံ။အရဟံဇိန။မိန္နဟာရွှေနှုတ်။သုတ်ဘိဓမ္မာ။ဝိနယာ၏။ရသါအနှစ်။အဆီဖြစ်လျက်။ခက်ဆစ်ခြင်းရော။နည်းနာသိမ်မွေ့။ကျင့်ဓလေ့ဖြင့်မွေ့လျော်သောယောဂီပုဂ္ဂိုလ်တို့၏။ ပါမောက္ခကရဏ။သုဝိသုဒ္ဓဝိနဿယဟုဆိုအပ်သောကောင်းမွန်စင်ကြယ်သော။ သံသရာစက်မှထွက်မြောက်ရာ ထွက်မြောံကြောင်း။ ကောင်းသောကျင့်ဝတ်။ ပဋိပတ်။ ပိဋကတ်သုံးပုံ၌။ အကျယ်ဟောတော်မူအပ်သည်ကိုအကျဉ်းအားဖြင့်သီလသမာဓိပညာတို့အစဉ် အတိုင်းဖြင့်။ ပညာနည်းသော ပုဂ္ဂိုလ်တို့ သဘောပေါက်ရောက်ခြင်း။ မြင်နိုင် ထင်နိုင်လွယ်စေခြင်းငှါ။ ဥပမာဆောင်၍။သရုပ်ပြ၍။အကျယ်ချဲ့စီရင်ပြီးလျှင်ရေးအပ်သောဤကျမ်းကား။ယခုခေတ်သမယ၌ဗုဒ္ဓဘာသာတရားတော်ကိုယုံမှတ်မြတ်နိုးကျင့်သုံးကြသောမြန်မာပြည်သားတို့တွင်အများအားဖြင့်တရားတော်၏ ခဲခက်နက်နဲခြင်းကို။မိမိတို့၌သင်ကြားလေ့ကျက်အပ်ပြီးသောပညာနည်းပါးကြ၍မသိနိုင်ကြကုန်။ဓမ္မသဝနပွါးစေရန်လည်းလုံ့လမထုတ်နိုင်ကြကုန်။တရားတော်ကိုကျွမ်းကျင်သူနည်းကုန်သဖြင့်။ အလွန် သိမ်မွေ့နူးညံ့လှသောတရားတော်၏အနှစ်သာရကိုကောင်းစွာမသိနိုင်ကြသည်ကို။ သိမြင်ရသည်နှင့်။ ဤပုဂ္ဂိုလ်တို့အား တရားလမ်း အစဉ်ကို ထင်မြင်လွယ်စေခြင်းအကျိုးငှါရည်မှန်း၍ရေးအပ်သတည်း။ သို့ဖြစ်၍သပ္ပုရိသ အပေါင်းသူတော်ကောင်းတို့သည်။ လမ်းဟောင်းသမ္မဇဉ်။ငြမ်းကြီးဆင်၍။ သင်အံလေ့ကျက်ဆောင်ရွက်ဘတ်ရွတ်ခြင်းကိုပြုကြပါက။ခေမာအမတပြည်ပူရသို့။ယခုဘဝပင်မရောက်ကြသော်လည်း။အကုသလနည်းပါးတရားလက်ရှိလက်ကိုင်ရကြသည်အတိုင်း။ ထိုဇေးငြိမ်းချမ်းသာရာအမတသို့။ တစတစနီးကြတော့မည်ဖြစ်ပါ၍။နေ့ညမကွာ။များစွာဆင်ခြင်သုံးသပ်နိုင်ကြပါစေသတည်း။

## လက္ခဏာဝိပဿနာရှုဘွယ်ကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ ။ဘုရားအစရှိသော သူတော်ကောင်းတို့ကား ဤသုံးဆဲ့တဘုံ၌ကျင်လည်ရခြင်းကိုဒုက္ခဟူ၍ဧင်း။သံသရာဝဋ်ဆင်းရဲဟူ၍ဧင်းထင်မြင်နိုင်ကုန်၏။ သို့ထင်မြင်ခြင်းကြောံခြင်း။ထိတ်သန့်ခြင်းကားမှန်သောအယူပေတည်း။အဘယ်အကြောင်းကိုရှေးရှု၍ ကြောက်လန့်သနည်းဟူမူ။ ဤသုံးဆဲ့တဘုံ၌ပဋိသန္ဓေနေခြင်း။သေခြင်း။ မကင်းကုန်။ လူတို့အသုံးပြုကြသောစက်ရဟတ်ချား။ စသည့်တို့၌ကဲ့သို့ တဘုံမှသည်တဘုံသို့။ လူးလာပြောင်းလဲလျက်။ကုသိုလ်အကုသိုလ်စီမံသည့်အတိုင်းဖြစ်ကြရလေ၏။ဤသို့ပဋိသန္ဓေနေခြင်း။ သေခြင်းကိုအမှူးပြု၍တွဲမှီရှက်တင်ကာမကင်းရာဖြစ်သော အကြောင်းတို့ကား။ ချစ်သောသူနှင့်သေကွဲ။ကွဲရခြင်းမသေဘဲလျက်ပင်အတူနေလိုသေါစိတ်ရှိပါလျက်မနေရကွဲရခြင်း။ ရန်းသောသူနှင့်ပေါင်းသင်းရခြင်း။ ထိုအပ်တောင့်တအပ်သော အရာနှင့်မပြည့်စုံခြင်း။ မအိုမသေနေလိုပါလျက်မနေရ။ဆံပြူခြင်းသွါးကျိုးခြင်း။ရောဂါဝေဒနာစွဲကပ်၍ဒုက္ခကြီးခံစားရခြင်းတို့ဖြစ်သဖြင့်။ သူတော်သူမြတ်တို့။ စက်ဆုပ်ရွံ့ရှါသတည်း။ဤသို့မျက်မှောက်ထင်ထင်မြင်ရတွေ့ရသောအကြောင်းတို့ဖြစ်ပါလျက်။ကိုယ်တိုင်တွေ့ကြုံရပါလျက်ဤလူသတ္တဝါတို့သည်ကြောက်ခြင်းတုန်လှုပ်ခြင်းမရှိ။ထိုသတ္တဝါတို့ကားတရားတော်ကိုမသိ။သိလျက်မကျင့်သုံးနိုင်ကြ၍ဖြစ်

ပေသည်ဤသို့ကျင်လည်ရခြင်းကို။ ဒုက္ခမှန်းသိမှ။ ထင်နိုင်မြင်နိုင်မှ။နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သတည်း။

၂။ ။ဤသံသရာတည်းဟူသောချားရဟတ်တွင်ကျင်လည်ရခြင်း၌။ဆင်းရဲခြင်းကိုအကျယ်အားဖြင့်ပြပေအံ့။သုံးဆဲ့တဘုံတွင်။ အပါယ်လေးဘုံ၌ကြောန်သုခမရှိ။ ဒုက္ခချည်းဖြစ်သည်ကိုကားအများပင်သိပြီးဖြစ်ပေသဉ်။ကျန် ၂၇ ဘုံအနက်။ဗြဟ္မာဘုံ ၂၀၌၊နံ့ရုပ်နှစ်ပါးရှိခြင်း။ နံ့သက်သက်ရှိခြင်းဖြင့်ဆိုခဲ့ပြီးသောဒုက္ခမျိုးကင်းသည်။ ဒုက္ခမရှိကာသုခပင်တည်း။နိဗ္ဗာန်တည်းဟူသောတရားကိုမျက်မှောက်ပြုခြင်း၌ အဘယ်အကျိုးရှိအံ့နည်း။ ဗြဟ္မာဘုံတွင်ပင်သုခစည်းစိမ်ကိုခံစားအံ့ဟုကြံစည်မိအံ့။သို့မဟုတ်။နိဗ္ဗာန်ရောက်လိုပါ၏။မရောက်ရမှိဗြဟ္မာမင်းအဖြစ်ဖြင့်။ခံစားဦးအံ့ဟုနှလုံးသွင်းအံ့။ထိုပုဂ္ဂိုလ်သည်။ ဤသို့စည်းစားတုံရာ၏။ဗြဟ္မာဘုံဟူသည်ဘဝဆုံးသောဘုံမဟုတ်သေး။အသက်တမ်းရှိသေး၏။ အသက်တမ်းစေ့ကုန်ကနိဗ္ဗာန်ကိုထုတ်ချော်မရောက်မူ။ စင်စစ်အခြားဘုံသို့သော်ဇင်း။ကုသိုလ်အကုသိုလ်စိမံသည်အတိုင်းဖြစ်ပြန်ရာ၏။ ဖြစ်ရခြင်း၌ လူတို့ဘုံတွင်ဖြစ်ရမူကား။ဆိုခဲ့ပြီးသောပဋိသန္ဓေနေခြင်းအစရှိသောဆင်းရဲကိုတွေ့ရချေသေး၏။ အပါယ်လေးဘုံတွင်ဖြစ်လျှင် ဆိုဘွယ်ရာမရှိထိုထိုဆင်းရဲခြင်းကိုဆင်းရဲသဉ်ဟုထင်မြင်လွယ်ရန်ဉာဏ်ကို။အဝိဇ္ဇာ တည်းဟူသော မောဟဖုံးလျှက်ဖြစ်၍။ စင်ကြယ်လှစွာသောလစက်ဝန်းကို။ တိမ်တောင်တိမ်လိပ်ဖုံးသဖြင့်။လမင်းကိုစည်လျှက်မမြင်ရသကဲ့သို့။ ဒုက္ခကိုပင်ဒုက္ခမှန်းမသိဖြစ်လေရကား။ကြောက်ရွံ့တုန်လှုပ်ခြင်းစိတ်မရှိ။ရှိပြန်လျှင်လည်းအမြဲမတည်နိုင်။ ထိုမောဟတရားကိုဖယ်၍ကြည့်သော်။ တိမ်တောင်တိမ်လိပ်ကင်း၍၊ကြည်လင်သောလမင်းကိုမြင်ရသကဲ့သို့။ဒုက္ခတရားကိုမြင်ရလတံ့။ (ဒုက္ခတရားသည်၊ လေးပါးသောသစ္စာတရားတွင်တပါးအဝင်တည်း)။ဒုက္ခကိုမြင်အောင်ရှုဆင်ခြင်ရန်တရားကိုတော်လျော်ရုံရေးဦးအံ့။

(က) ဇာတိဆိုအပ်သောပဋိသန္ဓေနေရခြင်း၌။ဆင်းရဲဒုက္ခကိုကား။သါမညအားဖြင့်မသိနိုင်။အဘယ်ကြောင့်ဟူမူ။အခြားသူတို့။ ပဋိသန္ဓေနေသည့်ကို မသိထားဘိ။ မိမိကိုယ်တိုင်။ ပဋိသန္ဓေနေခဲ့ရလျက်။ဒုက္ခမှန်းမသိခဲ့။ အသက်အရွယ်ကြီးမား၍စဉ်းစားနိုင်ပြန်သော်လည်း။ဒုက္ခမှန်းမသိနိုင်ကုန်။သိရန်ကားခဲယည်း၏။ပဋိသန္ဓေနေရခြင်းကို။ဖော်ပြန်ရန်ကား။ ။လူတို့၏ဆံပင်ကို။၁၆စိတ်စိတ်၍။တစိတ်မျှသည်။သေနီသားကောင်အမွေးနှင့်ညီမျှ၏။ ထိုအမွေးဖြင့်။ အကြိမ်တရာမျှ။ စစ်ပြီးသောဆီကြည်ကိုတို့၍ အဖန်များစွာ။ခါသဖြင့်။ကြွင်းကျန်သောဆီ၏အထိုင်းအရှည်မျှကစ၍။ကလလရေကြည်တည်ရ၏။သို့တည်ပြီးနောက်အမြှုပ်သားတစ်ဆိုင်ဖြစ်၏။ ထိုအမြှုပ်သားတစ်ဆိုင်မှတခဲနက်။ခက်မငါးဖြာထွက်၏။ သို့ထွက်ပြီးနေသံ။ တဆင့်။တဆင့်။ရင့်မါလတ်ရကား။ဆူတ္တိပုရိသအါးလျော်စွါ။ ၂၇ ပါးသောရုပ်ထင်ရှား၏။သို့ထင်ရှားသည့်မှစ၍။ပူခြင်းစပ်ခြင်းတည်းဟူသောအတွေ့အာရုံကို။ကျွမ်းချင်၏။သိ၏။ထိုအခါ။မိခင်၏ဝမ်း၌။ပဋိသန္ဓေနေသူသါးငယ်သည်။ဆောင့်ကြောင့်ထိုင်လျက်။ဒူးနှစ်ဖက်ပေါ်တွင်။တတောင်ဆစ်တင်၍။နဖူးနှင့်လက်ထိပြီးလျှင်။ရှိခိုး၍ နေဟန်အစာသစ်အိမ်ကို။ ဦးထိပ်ထက်ရွက်လျက်။အစာဟောင်းအိမ်ပေါ်၌။ထိုင်လျက်နေရ၏။ သို့နေစဉ်။မိခင်သည်။ဘွားမြော်မြင်ပြီးသော။သါးသွီးအါးချင်ဘိသကဲ့သို့။ဝမ်းတွင်းရှိသားသွီးကို။မချစ်သေးသဖြင့်ရင်း။စားလိုသောအာရုံကို။မဖြိုးဖြီနိုင်၍ရင်း။ပူစပ်သောအာဟာရကို။စားသောံမိ၏။ထိုအာဟာရသည်။အတိုင်းအလျောက်။အစာသစ်အိမ်သို့ရောက်ကာလ။ အလွန်နူးညံ့လှစွါသော။အသနုတက်စဖြစ်သော။အနါနှင့်တူသောအရေပါးဖြင့်ဖုံးလျက်ရှိသော။သားငယ်၏ဦးထိပ်နှင့်ထိကာလအာဟာရ၏ပူစပ်သော ဓာတ်အစွမ်းဖြင့်။ မခံရပ်နိုင်မျှပင်။ ထိုသားငယ်၌။ဒုက္ခကြီးစွာတွေ့ရ၏။တဖန်အစာသစ်အိမ်မှ။အစာဟောင်းအိမ်သို့။ရွေ့လျောရာ၌။ထိုသူငယ်နှင့်။ထိမိ။ တွေ့မိပြန်

တိုင်းလည်း။ကျွမ်းလောင်၍။တဖန်မိခင်သည်အသွားအလာ။အနေအထိုင်တို့၌။ကြမ်းတမ်းပြန်က။အိတ်ထည်းတွင်ထည့်လျက်ရှိသော။ဝတ္ထုသည်။အိတ်ကိုပြင်းပြစွာလှုပ်ရှားတိုင်း။ထိခိုက်မိဘိသကဲ့သို့။ ဤနူးညံ့လှစွာသောသားငယ်လည်းထိခိုက်သဖြင့်။ကြီးစွာသောဆင်းရဲကိုခံရ၏။သို့ခံရခြင်းကို။ထင်လျှားစွာသိလိုလျှင်မိမိ၏မယား၌။ပဋိသန္ဓေအရင့်အမာရှိကာလ။ ညစာစားပြီးနောက်။ ဒုံးအိပ်ရာယှဉ်တွဲ၍အိပ်သည့်အခါ။ ဝမ်းပိုက်ပေါ်သို့လက်တင်၍။စမ်းသပ်လျှင်။ ပူစပ်သောအာဟာရကိုစားသော်သည့်အခါ၌။ ဝမ်းတွင်းရှိ ခလေးသည်။ ပူပြင်းသောဒုက္ခကို ခံရ၍။ တွန့်လိမ်တိုးဝှေ့သည်ကိုတွေ့မိလိမ့်သတည်း။ ဤသို့တွန့်လိမ်တိုးဝှေ့ခြင်းသည်ပျော်ပါး၍။ မြူးထူးသည်မဟုတ်။ ပူစပ်၍သော်၎င်း။ မိခင်၏ ကြမ်းတမ်းစွာ လှုပ်ရှားခြင်းဖြင့်။ ထိခိုက်မိသော။ဝေဒနာဖြင့်သော်၎င်း။မခံရပ်နိုင်ခြင်းကြောင့်။ သက်သာခွင့်ကိုရှာသဖြင့်။တွန့်လိမ်တိုးဝှေ့ရခြင်းဖြစ်၏။ ဤသို့ဖြင့်ရှည်စွာခံရပြီးနောက်။ ဘွားမြော်မြင်သည်မှစ၍။ ခေါင်းကိုက်သည်။ဝမ်းနာသည်။ဆာလောင်သည်အစရှိသဖြင့် ဝေဒနာကိုခွဲခြား၍။မပြောနိုင်။ သို့မပြောနိုင် သမျှကာလပတ်လုံး။ မိခင်။ဘခင်တို့။သားငယ်၏ အလိုကိုမသိနိုင်ကုန်။ သို့မသိခြင်းဖြင့်။မိခင်သည်။သားငယ်အား။နို့ကိုသာဖိ၍တိုက်တတ်၏။သို့တိုက်ခြင်းဖြင့်။မိမိ၌ ရောက်သောအန္တရာယ်ကို။ ကွယ်ကာရန် မရလေ ပြားသော်လည်း။နားလည်အောင်မပြောနိုင်၍။ငိုလျက်ပင်ခံရ၏။သို့ပဋိသန္ဓေနေသည်မှသိကျွမ်းနားလည်သည်တိုင်အောင်ခံရသောဒုက္ခကား။မရေတွက်နိုင်အောင်ပင်တည်း။

(ခ) တဖန်လူလားမြောက်၍။ အသက်မွေးဝမ်းကြောင်းအဖြစ်ဖြင့်။ ရွှေငွေရတနာအစရှိသည်ကို။ ရှာကြံပြန်လျှင်လည်း။လောဘနိုင်ငံသို့လိုက်သဖြင့်။ရှာကြံရသမျှနှင့်တင်းမတိမ်နိုင်။ပိုမို၍သာရလိုသောစိတ်ရှိရကား။ ထိုစိတ်ပင်နှိပ်စက်၍။ချမ်းသာခြင်းကိုမရ။ဒုက္ခသာပွါးပြန်၏။ဤမျှလောက်ကိုပင်မှ။လုံ့လမရှိ၊

၍၎င်း၊မကျန်းမာ၍၎င်း။ကုသိုလ်ကံအကျိုးမပေးသဖြင့်။ မရပြန်
လျှင်လည်း အခြားသူမှာ ရ၏။ ငါကားမရဟူ၍။ စိတ်၌ချေမ်း
ခွင့်ကို၊မရလေပြန်ရာ။တဖန်ကြံစည်ရောင်းဝယ်ဖေါက်ကား၍
၎င်းမြို့ရိုးမြို့ကွပ်အစရှိသဖြင့်။ မင်းအဖြစ်နှင့် အသက်မွေးသူမှာ
သော်၎င်း။ တထောင်မှသည်တိုးတက်၍။ နှစ်ထောင်ချမ်းသာ
ခြင်း။နှစ်ထောင်မှသည်။သုံးထောင်ချမ်းသာခြင်းသို့ရောက်စေ
ကာမူ။မြို့ရိုးမြို့ကွပ်မှသည်။စစ်ကဲနခံအဖြစ်အဖြစ်သို့။ရာထူးတိုး
တက်ခြင်း။စစ်ကဲနခံမှသည်။ဝန်ထောက်။အတွင်းဝန်အဖြစ်သို့၊
တိုးတက်၍ရစေကာမူခေတ္တမျှ။ သုံးလ့လေးမျှတာ။ တနှစ်။နှစ်
နှစ်မျှတာမရောက်ဘူးသောအဖြစ်သို့။ ရောက်သဖြင့်။ဝမ်းမြောံ
၏။ ၎င်းနောက်တိုးတက်ကြီးကျယ်သောသူဌေးမင်းကြီး။အိမ်
ရှေ့မင်းဖြစ်သူတို့ကို။နှိုင်းခိုင်း၍။ ငါလည်း၎င်းသူတို့ကဲ့သို့ကိုယ်
လက်အင်္ဂါပြည့်စုံလျက်။၎င်းတို့ကဲ့သို့။ သုခကိုမခံစားရပါတ
ကားဟူ၍လောဘနိုင်ငံကိုလိုက်လျက်။ စိတ်ချမ်းသာခြင်းကိုမ
ရနိုင်ကုန်။တဖန်အဆုံးအားဖြင့်။တကျွန်းလုံးကိုပင်။ အုပ်ချုပ်စိုး
ပိုင်လျက်၊ဧကရာဇ်မင်းအဖြစ်သို့ရောက်စေကာမူ။ခေတ္တမျှဝမ်း
မြောက်ခြင်းပီတိကိုရလျက်အခြားလေးကျွန်းလုံးကို။ အုပ်ချုပ်
ရသော။မန္ဓာတ်စကြာဝတေးမင်းကိုကြားဘူးရုံမျှနှင့်။ ထိုမန္ဓာတ်
မင်းနှင့်။နှိုင်းခိုင်း၍။လောဘအစွမ်းအားဖြင့်။ စိတ်၌မရောင့်ရဲနိုင်
ချမ်းသါခြင်းကိုမရပြန်ကုန်။စကြာဝတေးမန္ဓာတ်မင်းအဖြစ်သို့ရ
ပြန်လျှင်လည်း။နတ်မင်းဗြဟ္မာမင်းတို့၏စည်းစိမ်ကို။နှိုင်းခိုင်း၍
စိတ်ချမ်းသာရာမရပြန်။ ဤသို့အဆင့်ဆင့်တိုးတက်ခံစားရပါ
လျက်။ ဤမျှဆိုးစွမ်းသောလောဘနိုင်ငံသို့လိုက်၍။ ငါ၌သုခမ
ရှိလေရာ။ဒုက္ခသာဖြစ်ရချေသည်တကား။ သို့မကောင်းသော
လောဘကို။နှိမ်နင်းတော့မည်ဟုကြံလျက်။အဖန်တလဲလဲ။ကြိုးခြံ
၍ပင်လောဘကို။ အောင်မြင်စေကာမူ။မိမိ၌ရပြီးဖြစ်ပြီး။ စည်း
စိမ်ကို ရန်သူမျိုး ၅ပါးတိုက်ခိုက် ဖြက်ဆီး၍ ။ ပျက်စီးမည်ကို
ကြောင့်ကြမကင်းရှိပြန်၍ပင်၊ စိတ်သုခကိုမရပြန်ရာ။ဒုက္ခပင်မ

ကင်းနိုင်ကုန်၏။ ။ဤကားလိုအပ်တောင့်တအပ်ခြင်းအကြောင်း၏ဒုက္ခတည်း။

(၈) သုံးဆဲ့တဘုံ၌။ ကျင်လည်လျက်ရှိစဉ်။ မကင်းသေါတဏှာ၏ အစွမ်းဖြင့်ချစ်ခင်ခြင်း။ ကြင်နာခြင်းအစရှိသောအကြောင်းသည်ရှိရကား။မိမိ၏မိဘဘိုးဘွားကိုချစ်ခင်ကြင်နာရပြန်၏။မိမိ၏သားသမီးသားသမီးမှသည်။မြေးမြစ်တို့ကိုလည်းချစ်ခင်သနားရပြန်၏။ဆွေမျိုးတော်သူတို့အားလည်းအထိုက်အလျှောက်ချစ်ခင်ပြန်၏။ဆွေမျိုးမတော်ဘဲလျက်လည်း။ကြိုက်ချစ်နှစ်သက်ရပြန်၏။ထိုထိုချစ်ခင်မြတ်နိုးသူတို့နှင့်။သေ၍လည်းကွဲ၏။ မသေဘဲလျက်လည်းကွဲ၏သို့ကွဲသည့်အခါငါ၏ ကျေးဇူးရှင်မိဘ။သေဆုံးပြီးဟူ၍ရင်း။ မင်းပြစ်မင်းဒဏ်ဖြင့်။ ကွေကွင်းရလျှင်လည်းသို့ကွေကွင်းရခြင်းကြောင့်လည်း။ တဖန်ပူပင်ဒုက္ခ ရောက်ပြန်၏။မိမိ၏သားသမီးဖြစ်မူမိဘအကြောင်းဖြင့်ဖြစ်သောဒုက္ခထက်တိုး၍ ပူပန်ခြင်း။ သောကဖြစ်ပြန်၏။ သို့ကွေကွင်းရခြင်း အကြောင်းကြောင့်။ငါ၏သါးမှသေရသည်။အခြားအရွယ်တူရုပ်သဏ္ဍာန်တူတူများပါလျက်။ငါ၏သားကိုမှ။ သေမင်းကရွေး၍ခေါ်သည်။ ငါ့ကိုပင်ခေါ်ပါလျှင်တော်သေး၏ ဟူ၍။ သားသေသည့်၏အကြောင်းကြောင့်။နေ့သ။မေ့ဟဖုံးလျက်။ ဒုက္ခကြီးစွာဖြစ်ပြန်၏။ ။သားသမီးဆွေမျိုးမဟုပ်ဘဲလျက်။ ကြိုက်နှစ်သက်သူတို့အားလည်း။တစုံတရောက်။ပြုစုစောင်းမြောင်းပြန်လျှင်ပင်။မိမိကိုအါး။ ထိပါးတိုက်ခိုက်သကဲ့သို့။ နေ့သပ္ပါးပြန်၏။ တဖန်ထိုကြိုက်နှစ်သက်သူနှင့်။ သေ၍သော်ရင်း။ မိမိကားကြိုက်နှစ်သက်၏။ မိမိကိုကြိုက်တုံ့။ နှစ်သက်တုံ့မပြန်ဘဲ။ သူတပါးသို့။ကြိုက်နှစ်သက်ပြန်၍။ကွေကွင်းရလျှင်လည်း။ကြီးစွါသောစိတ်ဒုက္ခကိုတွေ့ရပြန်၏။ ။ဤကားချစ်ခင်နှစ်သက်သူနှင့်ကွေကွင်းရခြင်း၏ဆင်းရဲဒုက္ခတည်း။

(၉) ဆိုခဲ့ပြီးသည်နှင့်။ ထပ်တူပင်။ မချစ်မနှစ်သက်သူနှင့်။ အတူတကွ။ ပေါင်းပေါ်ရခြင်းလည်းကြီးသောဒုက္ခပင်တည်း။

(င) ပဋိသန္ဓေနေသည်မှစ၍။သေသည်တိုင်အောင်။ခါတ်လေးပါး။ကံစိတ်။ဥတု။အာဟာရတဉ်းဟူသေါအကြောင်းလေးပါးတို့ကြောင့်။ရောဂါဝေဒနာသည်။အဖန်များစွာကပ်ငြိတတ်၏။သို့ကပ်ငြိတိုင်းပင်လျှင်းစားလိုသောအာဟာရကိုမစားရ။မစားနိုင်။နေလိုသွားလိုသည့်အတိုင်း။မနေရ။မနေနိုင်မသွားရ။မသွားနိုင်။ရောဂါတိုးတက်၍။ ကိုယ်။စိတ်။နှလုံးသုံးပါးပင်။ဝေဒနာကိုခံစားရရာကား။ကြီးစွာသောဒုက္ခကိုခံစားရ၏။သို့မှဆွေမျိုးမိဘ။ ဆရာသမားတို့ဝန်းဝိုင်းကူညီစောင်မ။ကုသပြန်သော်လည်းအသက်တမ်းစေ့၍ရင်း။ငယ်ရွယ်လျက်နှင့်ရင်း။သေမင်းနိုင်ငံသို့လိုက်ပြန်၏။သို့လိုက်ရလျှင်လည်း။ အကြီးဆုံးသောဝေဒနာသည်။မခံမရပ်နိုင်အောင်။နှိပ်စက်မှသေရခြင်းကြောင့်ကြီးစွာသောဒုက္ခကိုခံရ၏။ ။ဥပမာကား။ ။လက်သန်းခြေသန်းမျှပြတ်ရုံဖြင့်မသေသေး။ လက်ခြေပြက်ရုံဖြင့်လည်း ဆေးအစွမ်းဖြင့်ကုသသော်မသေနိုင်သေး။ သေရခြင်းမှာကား။ လက်ခြေပြတ်သည့်ထက်။ကြီးစွာသော နာကျင်ခြင်းကိုဖြစ်မှ သေရရကား။ကော်နည်းသောဒုက္ခမဟုတ်။ ဒေါသ၏အစွမ်းဖြင့်။ သေခြင်းကိုငါမကြောက်။ မွေးလျှင်သေရမြဲတည်းဟူ၍။ ကြိမ်းပသောပုဂ္ဂိုလ်အါး၊လက်ခြေပြတ်ခြင်းကိုမဆိုထားဘိဦး။အသားမျှကို။ထက်စွာသောထားနှင့်လှီးလျှင်ပင်ကြီးစွာသောဒုက္ခကိုခံရ၍။ကြောက်လတံ့။သေပြီးသူသည်။မည်မျှလောက်ဝေဒနာကိုခံရမှသေ၏ဟု၍တဖန်။ ပြန်၍မပြောနိုင်သဖြင့်ကျန်ရှိရစ်သူတို့။ဒုက္ခ၏အတိုင်းအရှည်ကို မသိနိုင်ကုန်။ဆိုခဲ့ပြီးသော ဥပမာကိုထောက်၍ရင်း။ပညာဉာဏ်နှင့်တွေး၍ရင်းသေရခြင်းသည်။အတိုင်းအရှည်မရှိသော။ ဒုက္ခပင်တဉ်းဟုသိရလတံ့။ဤကားသေခြင်း၏ဒုက္ခပင်တည်း။

၃။ ။ထိုထိုဆိုခဲ့ပြီးသောဒုက္ခတို့သည်ကား။ သုံးဆဲ့တဘုံတည်းဟူသောသံသရာစက်၌။မကင်းရာသောတရားတို့တဉ်း။ဆိုခဲ့ပြီးသောပြဿမင်း၏ ဘုံပင်ဖြစ်ရလေပြားသော်လည်း အ

သက်တမ်းစေ့သဖြင့်။ရတော့ရပြန်လျှင်၊ထိုထိုသောဒုက္ခနှင့်။ မကင်းနိုင်ပြန်ကုန်။ထိုနည်းအတူနတ်ပြည်၌ဖြစ်က။နတ်သက်စေ့၍ရတော့ရခြင်းကြောင့်။ဒုက္ခကင်းမည်မဟုတ်။ ငရဲ။ တိရစ္ဆာန်ပြိတ္တာ။အသူရကာယ်အစရှိသောဘုံတို့၌ဖြစ်လျှင်ကားဆိုဘွယ်ရာမရှိချေ။ ထိုထိုသော ဒုက္ခကို ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ပညာဖြင့်ဆင်ခြင်၍။ကိုယ်တိုင်ခံလျှက်နေရဘိသကဲ့သို့။ကြောက်ရွံ့တုန်လှုပ်ရကုန်၏။ ဤဒုက္ခမကင်းရာဖြစ်သော။ဖြဟ္မာနတ်လူအစရှိသော။ သုံးဆဲ့တဘုံမှ။ကင်းလွတ်လိုသောဆန္ဒသည်ဖြစ်ကုန်၏။ ။ဤဆိုခဲ့ပြီးသောဒုက္ခတို့ကို။ ဒုက္ခဟူ၍အမြဲအစွဲ။ မအောင်မေ့နိုင်ခြင်းကား။ ကြည်လင်သန့်ရှင်းသောလမင်းကို။ တိန်တောင်တိန်လိပ်တို့ဖုံး၍ မမြင်နိုင်ဘိသကဲ့သို့။ မောဟတရားဖုံးလွှမ်း၍ မမြင်နိုင်ကြကုန်။ ဒုက္ခဖြင့်ပွမ်းသောဤသုံးဆဲ့တဘုံကိုပင်။ နှစ်သက်တုံသေး၏။ ဒုက္ခဟူ၍အမြဲအစွဲမထင်နိုင်မမြင်နိုင်ကုန်။

၄။ ။ဤသံသရာဘေးဝဋ်ဒုက္ခကြီးကို။ကြောက်ရွံ့ပါ၏လောဟုမေးလျှင်။ကြောက်ရွံ့ပါ၏ ဟူ၍ပြောကြအံ့။ နိဗ္ဗာန်ကိုရောက်လိုပါ၏လောဟုမေးလျှင်။ရောက်လိုပါ၏ဟုပြောကြအံ့။ ထိုပြောသူတို့အား။ယခုပင်။တစုံတခုသော။ကုသိုလ်တရားပွါးများသဖြင့်သေသည်၏အခြားမဲ့၌။နိဗ္ဗာန်ကိုထုတ်ချေခံရေခံလတံ့ဆုတောင်းပါကုန်ဟူ၍။ပြုနိုင်ပွါးများနိုင်သော။ ကုသိုလ်တရားကို။သက်ငင်းပြသ၍။ဆုတောင်းစေအံ့။ ထိုသံသရာ၏ ဒုက္ခကိုကြောက်သည်ဆိုသောနိဗ္ဗာန်ကိုရလို၏ဟု ဆိုသောပုဂ္ဂိုလ်တို့အနက်။လူမင်း။နတ်မင်း။ဗြဟ္မာမင်း၏ စည်းစိမ်ကို။ တဆင့်ထက်တဆင့်။ခံစားပြီးမှ။နိဗ္ဗာန်ကိုရလို၏ဟုဆုတောင်းသူများလတံ့။သေသည်၏အခြားမဲ့၌။ တကြိမ်တည်းနိဗ္ဗာန်ကိုရောက်လိုပါ၏ဟုဆုတောင်းသူကားနည်းလတံ့။ ယခုအခါကျောင်းစရပ်အစရှိသော။ အလှူဒါနကိုပြုနိုင်စွန့်ကြဲနိုင်သောဒါယကာဒါယိကာမတို့သည်။ မိမိတို့အလှူဝတ္ထုကိုရေစက်ချ၍ဆုင

သည့်အခါတိုင်းပင်။မိမိတို့ကိုယ်တိုင်သိကျွမ်းနားလည်၍သော်
၎င်း။အခြားသူတို့ညွှန်ကြားပြသ၍သော်၎င်းရဟန်းတော်တို့က
နှုတ်တိုက်သင်ကြား၍သော်၎င်း။ဆုတောင်းသည့်အခါတိုင်းမှာ
ပင်။ နိဗ္ဗာန်ကိုရပါလို၏ဟူ၍။ တပါးတည်းသောဆုကိုမယူဘဲ။
လူမင်းနတ်မင်းဗြဟ္မာမင်းတို့၏စည်းစိမ်ကိုခံစားပြီးမှ။အဆုံးစွန်း
သော ဘဝ၌။ နိဗ္ဗာန်ကို မျက်မှောက် ပြုပါရလိုကုန်၏ဟု ဆု
တောင်းသည့်သာ များ၏။ ဤအရာ၌။ ယခုဘဝမှ။ မည်သည့်
ကုသိုလ်ကိုပင် ပြုလေငြား သော်လည်း ဖြစ်ဆဲဘဝ၌။ နိဗ္ဗာန်
ကိုမရောက်နိုင်ကုန်။ သို့မရောက်မီအကြား။ ဖြစ်လေရာသော
ဘဝ၌။ ဒါနသီလကို ပွါးများလို၍သာ ဆုတောင်းပါသည်ဟု
စောဒနာဝင်ငြားအံ့။ထိုသူအား။ဤ ဘဝပင်နောက်ဆုံးတည်း၍
ကုသိုလ်ပြုသဖြင့်။ နိဗ္ဗာန်ကိုထုတ်ချောက်ရောက်လတံ့။ နိဗ္ဗာန်
ကိုသာ။ ကုသိုလ်ပြုသူအားလုံးတို့။ အလိုရှိပါသလောမေးလျှင်။
ဤသူသည်။ မိမိစောဒနာ သောစကားရပ်ကို။ နှုတ်သိမ်း မည်
ကားမရချတည်း။ ထိုထိုတို့ကြောင့်။ဒုက္ခမှန်းမသိဟူ၍။ အထက်
အပိုဒ်တွင်ဆိုခဲ့သည်။

၅။ ။ဤသို့ဘဝသစ်ကိုတောင့်တခြင်းကား။ အဝိဇ္ဇာလျှင်
အကြောင်း ရင်းရှိသောလောဘတည်း။အဝိဇ္ဇာကိုအကြောင်းပြု
၍သင်္ခါရဖြစ်၏။ သင်္ခါရမကင်းသမျှ။ သံသရာဝဋ်ဆင်းရဲမှ။မ
ကင်းနိုင်ကုန်။ ပဋိစ္စသမုပ္ပါဒ်ဟူသော တရားတော်ကို။ ငါတို့
မြတ်စွာဘုရားသခင်သည်။ဤသို့ဟောကြားတော်မူ၏။ ။က
တမောစဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ။ အဝိဇ္ဇာပစ္စယာဘိက္ခဝေ
သင်္ခါ ရာသင်္ခါရပစ္စယါဝိညာဏံ။ဝိညာဏပစ္စယာနာမရူပံ။နာ
မရူပပစ္စယာသဠာယတနံ။ သဠာယတနပစ္စယာဖဿော။ဖဿ
ပစ္စယာဝေဒနာ။ဝေဒနာပစ္စယာတဏှာ။တဏှာပစ္စယာဥပါဒါနံ
ဥပါဒါနပစ္စယာဘဝေါ။ ဘဝပစ္စယာဇာတိ။ဇာတိပစ္စယာ။ဇရာ
မရဏသောက ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာသမ္ဘဝန္တိ။
•ဧဝမေတဿကေဝလဿ ဒုက္ခက္ခန္ဓဿသမုဒယော ဟောတိ

အဇ္ဈတ္တံဝုဋ္ဌတိဘိက္ခဝေပဋိဝိဇ္ဈတိသရုပ္ပါဒေါတိ။ ။ဟူ၍ဟောတော်မူသတည်း။ ။အိုခြင်းသေခြင်းအစရှိသော အကျိုးတရားတို့သည်။ပဋိဝိဇ္ဈသရုပ္ပါဒ်မည်ကုန်၏။

၆။ ။ထိုပဋိဝိဇ္ဈသရုပ္ပါဒ်တရား၌။ အဝိဇ္ဇာဟု ဆိုအပ်သော မောဟစေတသိက်ကြောင့်။သင်္ခါရအစ။ ဇရာမရဏ အဆုံးရှိသောအကျိုးတရားတို့ဖြစ်ပုံကား။ ။မောဟစေတသိက်ဟူသောအဝိဇ္ဇာရှိသောပုဂ္ဂိုလ်သည်။ အဝိဇ္ဇာရှိသောကြောင့် ဇာတိဇရာမရဏာအစရှိသော။ ပဋိသန္ဓေနေခြင်း၊အိုခြင်း၊ သေခြင်းဖြင့်။ဒုက္ခမကင်းရာသော သုံးဆဲ့တဘုံ၌ကျင်လည်ခြင်း ဆင်းရဲကို။ဆင်းရဲမှန်းမသိ၍။ လူမင်းနတ်မင်းဗြဟ္မာမင်းတို့၏စည်းစိမ်ကိုသာ တောင့်တလျက်။ ထိုဘဝတို့သို့။ ရောက်ရလေအောင်။ ဒါနသီလအစရှိသော ကုသိုလ်ကံဟူသော ပုညာဘိသင်္ခါရကို ပြုမိသောကြောင့်။ ထိုအပ်သော ဘဝကိုပင်ရဖြားအံ့။ အသက်တမ်းစေ့၍ သေလွန်သည့် အခြားမဲ့၌။ သာလွန်ကြီးကဲသော။ ဒုက္ခဘုံသို့ ရောက်ပြန်ရာ၏။ ဖြစ်လေရာဘဝ၌။ တွေ့သမျှသော ဒုက္ခကို။ မောဟစေတသိက်ဖုံးလွှမ်းပြန်၍တဖန် သံသရာစက်၌။ တဝဲလည်လည် ဖြစ်ရပြန် ချေသေး၏။ ချမ်းသာဟုသမုတ်အပ်သော၊ ဤကုသိုလ် အကျိုး၏ အဆုံး၌။ဝိပရိဏာမဒုက္ခနှင့် မကင်းချေ။ အဝိဇ္ဇာကြောင့်အကုသိုလ်။ အပုညာဘိသင်္ခါရကိုပြုမိ၍။ အပုညာဘိသင်္ခါရ၏ အကျိုးဆက်ကြောင့်။ ကြီးစွာသော ဒုက္ခကို။ အပါယ်လေးဘုံ၌ခံစားရချေ၏။ဝိသုဒ္ဓိမဂ်။ သံမောဟဝိနောဒနီအဋ္ဌကထာတို့၌ကြည့်လေ။

၇။ ။ကုသိုလ်အကုသိုလ်ကိုပြုမိသောသူသည်။ ကိုယ်ဝန်ဆောင်သောမိန်းမသည်။ ကေန်ဘွားရသကဲ့သို့။ကုသိုလ်အကုသိုလ်ကံအားလျော်စွာ။ ပဋိသန္ဓေတည်သည်ဖြစ်၍။ အဟိတ်ဝိပါက်တဆဲ့ငါးခု။မဟာဝိပါက်ရှစ်ခု။မဟဂ္ဂုတ်ဝိပါက်ကိုးခုဟူကုန်သော။ သုံးဆဲ့နှစ်ခုကုန်သော ဝိပါက်ဝိညာဉ်တို့သည် ဖြစ်ကြကုန်၏။ ဤသို့ဖြစ်ရာ၌လည်း ဘုံအား လျော်စွာ။ အရူပဘုံ၌

ဝိညာဉ်ဟူသော နာမ်ချည်းဖြစ်၏။ အရူပဘုံ။ အသညသတ်ဘုံတို့မှကြွင်းသောဘုံတို့၌။ ပဋိသန္ဓေအခါရကောင်းသော ရုပ်နှင့်တကွ။ ဝိညာဉ် ဖြစ်၏။ အသညသတ်ဘုံ ၌ကား။ ရုပ်ပဋိသန္ဓေ သက် သက် ဖြစ်၏။ ဤပဋိ သန္ဓေ ဝိညာဉ်။ ပဝတ္တိ ဝိညာဉ် ဟူသော အကြောင်းကြောင့်။ ထိုဝိညာဉ်နှင့် သမ္ပယုတ် ဖြစ်သော ဝေဒနာ။သညာ။သင်္ခါရဟူသောနာမ်သည်၎င်း။အညမညအစရှိသောပစ္စည်း အဖြစ်ဖြင့် ကျေးဇူးပြုသောရုပ်တို့သည်၎င်း။ထိုက်သည်အားလျော်စွာ ဖြစ်ကြကုန်၏။ ဤကား သင်္ခါရတည်းဟူသောအကြောင်းကြောင့်။ဝိညာဉ်။နာမ်။ ရုပ်ဖြစ်စေခြင်းအကျိုးကိုပြသတည်း။

၈။ ထိုသို့ တရားတော် အစဉ်အားဖြင့်။ ဝိညာဉ်။ နာမ်။ ရုပ်ဖြစ်ခဲ့၍ ၎င်းတို့၏ ဖြစ်ခြင်းအကြောင်းဖြင့်။ ဖဿ တည်းဟူသောအကျိုး။ဖဿဖြစ်၍။ဝေဒနာ။ဝေဒနာဖြစ်၍တဏှာ တဏှာဖြစ်၍ဥပါဒါန်ဖြစ်ပြန်၏။ ဤ၌ဖဿ။ဝေဒနာ။ တဏှာတို့ဖြစ်ဟန်ကိုအကျယ်မဆိုလိုက်ပြီ။ အကျယ်သိလိုက ဝိရုဠှိရသ ကျမ်းတွင်ကြည့်လေ။ ဥပါဒါန်တရားဖြစ်၏ ဟူရာ၌ ဥပါဒါန် ဆိုသည်အဘယ်နည်းဟူမူ။ပါဠိတော်အားဖြင့်။ ဥပါဒါနဟူ၏။ဥပါဒါနကိုမြန်မာဘာသာဖြင့် စွဲလမ်းခြင်းကိုဆိုလိုသည်။ မည်သို့စွဲလမ်းခြင်းဖြစ်သည်ကား။တဏှာဟူသည်အလိုရှိခြင်းတောင့်တခြင်းကိုဆိုသဖြင့်။တောင့်တလိုခြင်း အလျောက်ပစ္စည်းဥစ္စာရတနာရွှေငွေတို့ကိုရှာမှီး၍ရပြီးသော ပစ္စည်းအား။ငါ၏ ပစ္စည်း။ ငါ၏ဥစ္စာ။ငါသာပိုင်သည်ဟူ၍ပစ္စည်း၏ သင်္ခါရ၊ မိမိ၏ သင်္ခါရ မကောင်းခြင်းကိုမစဉ်းစားဘဲ။ အမြဲအစွဲ မသေမပျောက်ပိုင်ဆိုင်ဘိသကဲ့သို့စွဲလမ်းတတ်မက်ခြင်းဖြစ်လေ၏။ထို စွဲလမ်းခြင်းကိုပင်ဥပါဒါန။ဥပါဒါန်တရားမည်၏။ ။သို့ဥပါဒါန်တရားကြောင့်။ဘဝဖြစ်သတည်း။ သို့ဘဝဖြစ်သဖြင့်အထက်ဆိုခဲ့သည့်အပိုဒ်တို့တွင်။ အဝိဇ္ဇာတည်းဟူသောမောဟကြောင့်ဘဝသစ်ဖြစ်သည်ဟူ၍တိုက်ရိုက်ဆိုခဲ့သတည်း။

၆။ ။ဥပါဒါန်တရားသည်ဘဝသစ်ကိုဖြစ်စေတတ်ခြင်းအကြောင်းကိုထင်လျှားစွာပြရန်ကား။ ။ဥပါဒါန်တရားသည် ၄ ပါးအပြားရှိ၏။ ၎င်း ၄ ပါးဟူသည်ကား။

၁။ ။ကါမုပ္ပါဒါန်။=ကါမဥပါဒါန်–ပစ္စည်းဥစ္စာကိုစေ၀င့်ရှော်စွဲလမ်းခြင်း။ ငါ့ဥစ္စာ ငါ့ပစ္စည်းဟုသိမ်းဆည်းခြင်း။

၂။ ။ဒိဋ္ဌုပ္ပါဒါန် = ဒိဋ္ဌိ ဥပါဒါန် = မိစ္ဆာဒိဋ္ဌိ ၆၂ ပါးကိုဆိုလိုသည်။

၃။ ။သီလဗ္ဗတုပ္ပါဒါန်=သီလဗတဥပါဒါန်=နွားတို့၏ အလေ့အကျင့်စသည်ဖြင့် နိဗ္ဗာန်သို့ရောက်ကြောင်းဟူ၍။ ဥပါဒါန်တရားဖြစ်၏။ ဖြစ်ပုံကား။ နိဗ္ဗာန်ရကြောင်းတည်းဟူသော မဂ္ဂင်၈ပါးတရားကို မသိသူတို့က ကိလေသာစင်ကြယ်စေရန် လက်ကိုမြှောက်၍နေသောအကျင့်။ မီးပုံဆင်းသောအကျင့်တို့ကိုတရား မှန် ထင် မှတ် ၍ ကျင့်သေါအလေ့အကျင့်ကိုဆိုလိုသည်။

၄။ ။အတ္တဝါဒုပ္ပါဒါန်=အတ္တဝါဒဥပဒါန်=အတ္တရှိသည်ဟုအယူဝါဒနှင့် ယှဉ်သော ဥပါဒါန်မည်၏။ ထိုဥပါဒါန်တရားပင်သက္ကာယဒိဋ္ဌိမည်၏။

၎င်း ၄ ပါးသောဥပါဒါန်တရားတို့တွင်။ ပဌမ၊ ဒုတိယ၊ တတိယ

၃ ပါးကိုအကျယ်မဆိုပြီ။စတုတ္ထမြောက်သောအတ္တဝါဒုပ္ပါဒါန် တရားကိုသာဆိုဦးအံ့။ အဘယ်ကြောင့်ဟူမူ။ ထိုတရားတည်း ဟူသောသက္ကာယဒိဋ္ဌိသည်။ ရဟန်းရှင်လူတို့အား။ပြင်းစွာနှိပ် စက်လျက်၎င်း။အလွန်ခဲခက်နက်နဲသိမ်မွေ့သော တရားဖြစ်၍။ နားမလည်နိုင်ကြခြင်းကြောင့်။ဖြောင့်မှန်ရာလမ်းကြောင်းကိုမ မြင်သောသူတို့ကဲ့သို့ဖြစ်ကြ၍ ထိုတရားကိုရှေးဦးစွာဆိုပေအံ့ သတည်း။

၁၀။ ။ဤပဋိစ္စသမုပ္ပါဒ်သည်ကား။အလွန်ခဲခက်နက်နဲသိမ် မွေ့သောတရားဖြစ်ချေသည်။ဝိရိယထုတ်၍သိအောင်ရှာသော ဝိရိယာဓိကဘုရားသော်မှလည်း။ နိယတဗျာဒိတ်ခံပြီးနောက်။ တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ရှာမှီးသွန်သင်မှ သိမြင် တတ်မြောက်နိုင်၏။ ဉာဏ်ရှိသောပညာဓိကဘုရားမှာပင်။ နိ ယတဗျာဒိတ်ကိုခံပြီးနောက်။ လေးသင်္ချေနှင့် ကမ္ဘာတသိန်းရှာ မှီးမှသိမြင် တတ်မြောက်နိုင်သည်ကိုထောက်၍။ အလွန်နက်နဲ ခက်ခဲသောတရားဖြစ်ချေသည်။ ထိုကြောင့်။ဂမ္ဘီရော။ နက်၏ ဟူ၍၎င်း။ဂမ္ဘီရာဝဘာသောစ၊ နက်သောအဆင်းအရောင်ရှိ၏ ဟူ၍၎င်း။ဟောတော်မူသည်။ဤတရားကိုကား။သာသနာတော် တွင်း၌သာ။သိနိုင်မြင်နိုင်၏။သာသနာမှအပဖြစ်ချေကမသိမမြင် နိုင်။ သို့ခဲခက်နက်နဲသောတရားတော်ကို။ သာသနာတော်အ တွင်းအလွန်ကြုံကြိုက်ခဲလှစွာသောအခါသမယ၌ ကြုံကြိုက်ပြန် ပါလျက်။တတ်မြောက်သိကျွမ်းအောင် မဆောင်ရွက်လိုက်ချေ က။ ရှုံးခြင်းကြီးရှုံးကြလိမ့်မည်ဖြစ်၍။ ထိုတရားကိုဝိရိယစိုက် ထုတ်၍သိကျွမ်းနားလည်အောင်ကျက်မှတ်ကြပါကုန်။

၁၁။ ။သက္ကာယဒိဋ္ဌိတရားကား။အပြားနှစ်ဆယ်ရှိ၏။ထို နှစ်ဆယ်ဟူသော တရားသည်။ခန္ဓာ ၅ ပါးကိုအမှီပြု၍ဖြစ်သ တည်း။ခန္ဓာ ၅ ပါးဟူသော်ကား။ ၁ ။ရူပက္ခန္ဓာ။ ၂ ။ဝေဒ နာက္ခန္ဓာ။ ၃ ။သညာက္ခန္ဓာ။ ၄ ။သင်္ခါရက္ခန္ဓာ။ ၅ ။ဝိညာ ဏက္ခန္ဓာတို့တည်း။ ၁ ။ရူပက္ခန္ဓာဟူသည်လက်ခြေနှာခေါင်း

ပါး၊နဖူး၊မျက်စိအစရှိသဖြင့်။နှစ်ဆဲ့ရှစ်ပါးသော ရုပ်ကလာပ်ကို ဆိုလိုသည်။ ၂ ။ဝေဒနက္ခန္ဓာဟူသည်ကား။ ရူပက္ခန္ဓာတည်း ဟူသော။ ရုပ်နှစ်ဆဲ့ရှစ်ပါး စေတသိက် ၅၂ ချဥ္ခအကျုံးဝင် သော။ ဝေဒနာ စေတသိက်တဦးဟူသော ဖျားခြင်း၊ နာခြင်း တည်းဟူသော တရားကိုဖြစ်စေတတ်ခြင်း။အာရုံကိုခံစားခြင်း တရားဟူလိုသည်။ ၃ ။သညာက္ခန္ဓာဟူသည်။ သညာစေတ သိက်ဟုဆိုအပ်သောသိခြင်း။ ကြားခြင်း။ မြင်ခြင်း။ တပ်ခြင်း။ အမှတ်ပြု၍သိခြင်းတည်းဟူသောတရားကိုဆိုလိုသည်။ ၄ ။ သင်္ခါရက္ခန္ဓာဟူသည် အကြွင်း စေတသိက် ငါးဆယ်ဟု ဆို အပ်သောဖြစ်ခြင်းပျက်ခြင်း။ အမြဲမတည် ခြင်းပြောင်းလဲခြင်း အစရှိသောပြုပြင်စီရင်ခြင်းသဘောတရားကိုဆိုလိုသည်။ ၅ ။ ဝိညာဏက္ခန္ဓာသည်။ စိတ်တခုယုတ်ကိုးဆယ် အကျယ်တရာ နှစ်ဆဲ့တပါးတည်းဟူသော သွားလိုခြင်း။နေလိုခြင်း။ လွန်ခဲ့ပြီး သည်ကိုထပ်မံ၍ တွေးတောခြင်း။ မလွန်မဖြစ် သေးသည်ကို။ ဖြစ်ပြီး လွန်ပြီးသူ၏ အဖြစ်အကြောင်းတို့နှင့်။ နှိုင်းခိုင်း၍ တွေး၊ တောခြင်းကိုဆိုလိုသည်။

ဥပမာ။ရူပက္ခန္ဓာသည်။လူပြည့်ဌဖြစ်သောရုပ်ကိုဆိုလျှင်။ဤ သူကားလှပ၏။ဤသူကါးအရုပ်ဆိုး၏။ဤသူကားလက်ခြေဆွံ့၏။ အစရှိသဖြင့်။လူတို့ခေါ်ဝေါ်သရတ်အပ်သော၊ကိုယ်သက်သက် ကိုဆို၏။တနည်းလည်း။ဥရောပတိုက်သါးတို့၊ဖရောင်းကိုလူ၏ ပုံသဏ္ဍာန်နှင့် မခြားပြုလုပ်၍။လှည့်လည်ပြီးလျှင်။ ထိုက်သက် သောအဘိုးအခကိုယူ၍ ပြသသော အလိုအလျောက်၊လှုပ်ရှား။ သိကျွမ်း ပျက်စီးခြင်း မရှိသော။ ဖရောင်း ရုပ်နှင့် မခြားဟူ၍ ထင်မြင်ရာ၏။ ။ ၂ ဝေဒနက္ခန္ဓာဟူသည်။ ထိုဆိုခဲ့ပြီးသော ရုပ်နှစ်ဆဲ့ရှစ်ပါးကို။ ပျက်စီးအောင်ပြုနိုင်သော။ တုန်လှုပ်ခြင်း အစွမ်းကိုဖြစ်စေနိုင်၏။ ။ဥပမာ။ထိုလှုပ်ရှား သိကျွမ်းပျက်စီး ခြင်းမရှိသော။ ဖရောင်း ရုပ်ကို။ တုန်လှုပ် စေတတ်သော။ နာ ကျင်စေတတ်သော ဝေဒနာ စေတသိက်တရားကို၊ ထည့်သွင်း

လျှင်။ရူပက္ခန္ဓာနှင့်။ဝေဒနက္ခန္ဓာတည်းဟူသောခန္ဓာ ၂ပါးဖြစ်၏။ ။၃သညာက္ခန္ဓာ ဟူသည်။ သိခြင်းနားလည်ခြင်း အစရှိသောတရားနှင့်ပြည့်စုံသည်ကိုဆိုလို၏။ အထက်ဆိုခဲ့ပြီးသော ခန္ဓာ ၂ ပါးပြည့်စုံသော ဖရောင်းရုပ်ကို။ သိခြင်း။ကြားခြင်း။ မြင်ခြင်း။ တပ်ခြင်း။ သိတတ်ခြင်း။ မြင်တတ်ခြင်း။ ကြားတတ်ခြင်း အစွမ်းကို ထည့် သွင်းလျှင်။ ရူပက္ခန္ဓာ။ ဝေဒနာက္ခန္ဓာ။ သညာက္ခန္ဓာတည်းဟူသောခန္ဓာသုံးပါးပြည့်စုံသည်မည်၏။ ၄-ကြွင်းသောစေတသိက်ငါးဆယ်သည်။သင်္ခါရက္ခန္ဓာမည်၏ဟူသည်။ပျက်စီးခြင်း။အမြဲမတည်ခြင်း။တရားတို့တည်း။အထက်ဆိုပြီးသော ခန္ဓာသုံးပါးနှင့်ပြည့်စုံပြီးသော။ဖရောင်းရုပ်ကို။အသိအသျှောက်။ပျက်စီးနိုင်ခြင်း။ချုတ်ယွင်းနိုင်ခြင်းအစွမ်းကိုထည့်သွင်းသဖြင့်ရူပက္ခန္ဓာ။ဝေဒနာက္ခန္ဓာသညာက္ခန္ဓါသင်္ခါရက္ခန္ဓာ တည်းဟူသော ခန္ဓာလေးပါးနှင့် ပြည့်စုံသည် မည်၏။ ။၅သညာက္ခန္ဓာသည်။ စိတ်အပေါင်းကိုဆိုသဖြင့်စိတ်၏ဖြစ်ခြင်းပြန့်လွင့်ခြင်းကိုကား။ အကျယ်ဆိုရန်မလိုပြီ။ ဆိုကဲ့ပြီးသော။ခန္ဓာလေးပါးနှင့်ပြွမ်းသောဖရောင်းရုပ်ကို။စိတ်တည်းဟူသော။သညာတရားဖြည့်သွင်းလျှင်။ရူပက္ခန္ဓာ။ဝေဒနာက္ခန္ဓာသညာက္ခန္ဓာ။သင်္ခါရက္ခန္ဓာ။ဝိညာဏက္ခန္ဓာတည်းဟူသောခန္ဓာငါးပါး၏စုဝေးရာလူဘုံ၌ဖြစ်သောတစုံတယောက်သောသူကဲ့သို့။စကားပြောနိုင်ခြင်းသိခြင်းနားလည်ခြင်း။ ခံစါး။စံစားခြင်းပျက်စီးယိုယွင်းခြင်းတို့ဖြင့်။ဤဖရောင်းရုပ်သည်ပြည့်စုံ၏

၁၂ ထိုငါးပါးသောခန္ဓာ၏အထောက်အပင့်အကြောင်းကားပထဝီ၊တေဇော၊အာပေါ၊ ဝါယောတည်းဟူသောဓာတ်လေးပါးတည်း။ထိုဓာတ်လေးပါးကိုဖြစ်စေခြင်းကား။ကံစိတ်ဥတုအာဟာရအကြောင်းတရားလေးပါးတည်း။ထိုဓာတ်လေပါးအကြောင်းတရားလေးပါးတို့ဖြင့်။စိမံခြင်းမကင်းသောခန္ဓာ၅ပါးတို့သည်ကား။ရူပဘုံ၌။ဖြစ်ရမြဲတည်း။အရူပဘုံတွင်ကားရုပ်မရှိ၍။နာမက္ခန္ဓာတည်းဟူသော။ ဒုတိယမှသည်ပဉ္စမတိုင်

သောခန္ဓာလေးပါးသာလျှင်ရုပဘုံ၌ဖြစ်သတည်း။ဤလူ့ဘုံ၌အဖြစ်ကို။ဥပမာတင်ရလျှင်။ခလေးသူငယ်လူရွယ်လူလတ်။အစရှိသဖြင့်။ ပဌမ၊ဒုတိယ၊ တတိယအရွယ် အရွယ်သုံးပါးဆရွယ်ဆယ်ပါးတို့တွင်။ဖြစ်သမျှတိုင်းမှာပင်ခန္ဓာ၅ပါးနှင့်မကင်းလေကုန်ထိုခန္ဓာ၅ပါး၌တပါးတပါးလျှင်သက္ကာယဒိဋ္ဌိလေးပါးရှိသဖြင့်။သက္ကာယဒိဋ္ဌိပေါင်းနှစ်ဆယ်ရှိ၏။ထိုသက္ကာယဒိဋ္ဌိအပါးနှစ်ဆယ်ကို။ ထင်လျှားစွာဖော်ပြလို၍။ ဤစာကိုဘတ်ရှုသူတို့နားလည်စေလို၍။ လက္ခဏာရေးသုံးပါးကို တရားအစဉ်အတိုင်းဖော်ပြသင့်ပေ၏။အဘယ့်ကြောင့်ဆိုသော်။သက္ကာယဒိဋ္ဌိကားလက္ခဏာရေးသုံးပါးတွင်။အနတ္တဟူသော နောက်ဆုံးဖြစ်သောတရားဖြစ်ရကား။ ရှေးဖြစ်သော အနိစ္စ၊ဒုက္ခ၊ တည်းဟူသောလက္ခဏာရေးကိုရှေးဦးတည့်လင်းစွာဖော်ပြပြီးမှနားလည်စေပြီးမှ။အနတ္တတရားနှင့်ရှဉ်သောဤသက္ကာယဒိဋ္ဌိအပါးနှစ်ဆယ်ကို။ဖော်ပြမှသာနားလည်လွယ်အံ့။ ။မြတ်စွာဘုရားမှလည်းအနတ္တတရားကို။တိုက်ရိုက်ဟောတော်မမူ။ အနိစ္စတရားဒုက္ခတရားတို့ကို။ မျက်မှောက်ထင်ထင်ရှုမြင်နိုင်အောင်ဟောတော်မူပြီးမှ။အနတ္တတရားကို ဟောတော်မူအပ်သတည်း။အနိစ္စလက္ခဏာကိုထင်မြင်ရန်လည်းခဲယဉ်း၏ဒုက္ခလက္ခဏာကိုထင်မြင်ရန်ခဲယဉ်းပြန်၏။ဒုက္ခလက္ခဏာထက်အနတ္တလက္ခဏာကိုထင်မြင်ရန်ခဲခက်၏။သို့ကြောင့်အနတ္တလက္ခဏာကိုတိုက်ရိုက်မဆို။အနိစ္စလက္ခဏာမှစ၍။ဖော်ပြဦးအံ့။

၁၃။ ရုပ်အစရှိသောခန္ဓာ၅ပါးတို့သည်။ဥပါဒ်၊ဌီ၊ဘင်။ရှိသောကြောင့်မမြဲသည်၏အဖြစ်ကိုသိလွယ်၏။နံရုပ်တို့၏ဖောက်ပြန်ခြင်းအမြဲမတည်ခြင်းကိုကား။ ငပ်ပန်းဆင်းရဲသည်အခါ နံရုပ်နှင့် ချမ်းသာသည့်အခါ ဖြစ်သော နံရုပ် မတူ။ မွတ်သိပ်ဆာလောင်သည့်အခါနှင့် ဝပြောသည့်အခါ၊ မတူ။ပူသည့်အခါနှင့်အေးသည့်အခါမတူ၊ရောဂါဝေဒနာရှိသည့်အခါနှင့်မရှိသည့်အခါမတူ။ငယ်သည့်အခါနှင့်ကြီးသည့်အခါမတူ။ ထိုနံရုပ်တို့။ကွဲ

လွဲကြသဖြင့်ရင်း ဝိပရိဏာမသဘောဖောက်ပြန်ခြင်းတည်းဟူသော။အနိစ္စလက္ခဏာရေးထင်မြင်၏။အိုခြင်း၊နာခြင်း၊သေခြင်းကိုကား။မိမိပင်မတွေ့ရသေးခါမူ။မိမိ၏၊ဘခင်၊ဘဒွေး၊ဘကြီးဦးရီးတော်စပ်သူတို့သည်ရင်း။အိုကဲ့ပြီ၊ နာကဲ့ပြီ၊ သေကဲ့ပြီတကားဟုတွေ့မြင်ရသဖြင့်ရင်း။ထိုကဲ့သို့မိမိလည်း။အိုရလိမ့်မည်နာရလိမ့်မည်၊ သေရလိမ့်မည်ဟူ၍၊ စင်းစားဆင်ခြင်နိုင်ရာ၏။တဖန်မိမိထက်အသက်ကြီးရင့်သူတို့သာသေကြသည်၊နာကြသည် ၊ဟူ၍ထင်မြင်ပြန်လျှင်။မိမိနှင့်၊ အသက်အရွယ်တူသူ၊ချစ်ခင်လှသောမယား။အဆွေခင်ပွန်း။ဇိမ်နားနီးခြင်းတို့။သေခြင်း၊နာခြင်းမကင်းသည့်ကိုမြင်သဖြင့်။မိမိလည်းမကင်းတုံသေးဟု။ဆင်ခြင်ရာ၏။တနည်းလည်း၊ မိမိသည်အသက်အရွယ်ကြီးရင့်၍မိမိနှင့်ရွယ်တူသော်ရင်း။ မိမိထက်ကြီးသူသော်ရင်း သာနာကြသေကြ၏ဟု။ ထင်မြင်မိပြန်လျှင်။ မိမိ၏သားသွီး။မြေးမြစ်။သေသည် နာသည်ကို။ ထောက်၍ဖြစ်စေ။ သို့သေသည် နာသည်ကို။ မကြုံကြိုက်ဘူးပြန်က။ မိမိ၏ ဦးရီး တော်စပ်သူ အဆွေခင်ပွန်းဖြစ်သူတို့၏။ သားသွီးမြေးမြစ်တို့ သေခြင်းနာခြင်းကိုတွေ့မြင်ရသဖြင့်။ ရင်း ဇိမ်နားနီးချင်းတို့၌။သားသွီးအရွယ်သေခြင်း နာခြင်းကိုဖြစ်သဖြင့်ရင်း အိုမှနာရသည်။အိုမှသေရသည်။ငါကားမအိုသေး၍နာမဥ်လည်းမဟုတ်။သေမည်လည်းမဟုတ်ဟူသောစိတ်သည်ပျောက်ရာ၏။ မည်သည့်အခါ။ မည်သည်နေ့ရက်၌။ နာမည်သေမည် ထိုမသိနိုင်ရကါး ယနေ့ပင်နာတော့မည် သေတော့မည်ဟူ၍ စဉ်းစား ဆင်ခြင်တုံရာ၏။ဤကား။အနိစ္စတရားတည်း။

၁၄။ ဆင်းရဲသော ဒုက္ခဆိုသည့်မှာ။ ဒ့ထက် ဆိုခဲ့ပြီးသော။ ဒုက္ခသစ္စာတရားကိုပင်ဒုက္ခဟူလိုသည်။သင်္ခါရမကင်း၍။ မည်သည့် သုခမျိုးမဆိုအမြဲမတည်ဖြစ်တုံ ပျက်တုံ သောတရားနှင့်မကင်းရကား။ ဒုက္ခသည့်လျှင် ထင်လျှား၏။ ဒုက္ခတ

ရားသည်။ အနိစ္စတရားထက်၊ အတန်ငယ်ခက်သောကြောင့် အနိစ္စကိုဟောတော်မူပြီးမှ။ဒုက္ခကိုဟောတော်မူသည်။

၁၅၊ သို့အနိစ္စ၊ဒုက္ခလက္ခဏာရေးနှစ်ပါးကို၊ပညာဖြင့် ဆင်ခြင်သည့်အခါ၊သိမြင်ထင်လျှား၏။ အမြဲအားဖြင့်၊မပြတ်မ လပ် နှလုံးမသွင်းနိုင်ကုန်၊ တဒင်္ဂပဟာန်မျှသာဖြစ်နိုင်ကြကုန်၏ ဖြစ်နိုင် သည့် အခါ၌၊ ၎င်းလက္ခဏာ ရေး ၂ ပါးကို။ထင်မြင် ရကား။ဤဘဝမမြဲသည့်၏ အဖြစ်ကြောင့်၊ သေသည့်၏ အခြား မဲ့၌ ဘဝတပါးပြောင်းလဲရအုံးမည်ကို သိသတတ်၊ သို့ပြောင်း လဲရရန်မှာ၊အိမ်မှထွက်သာသော၊ခရီးသွား ယောကျ်ားသည်၊ လာခဲ့သောလမ်းအဆုံး၌။ နှစ်ခွါသောလမ်းကို တွေ့လတ့်။ တ လမ်းကား ဘီလူး၊ယက္ခ၊ ကုမ္ဘဏ်တို့။ နေရာဖြစ်သောလေးအိမ် ရှိသောရွာသို့တူရှုရောက်သေါလမ်းတဦးဟု ရေးလျက်ကမ္ပဦး စာကို တွေ့လတ့်။ တခွါ သော လမ်း၌ ကား ကြီးစွာ သော သုခကိုခံစားလျက်၊ ခရီးသွားယောကျ်ားတို့အား၊ ဆီး၍ကြိုဆို ပြုစုကျွေးမွေးပြီးလျှင်လိုအပ်သေါအရပ်သို့ပို့ခြင်းလိုအပ်သော ပစ္စည်းဥစ္စာရတနာရွှေငွေတို့ကို ပေးကမ်းခြင်းဖြင့်လောကဝတ် ကိုပြုတတ်သူတို့နေသော နှစ်ဆဲ့ ခုနစ်အိမ်ရှိသော ရွာသို့သွား သည့်လမ်းတည်းဟုကမ္ပည်းလိပ်စာကိုတွေ့လတ့်။ ထိုခရီးသွား ယောကျ်ားသည်။မိမိလါကဲ့သောလမ်းဆုံးသဖြင့်။ တူရှုရှိသော လမ်းနှစ်ခွမှ။လွဲ၍သွားနိုင်ရန်အကြောင်းမမြင်ရကား။ ကမ္ပည်း စာကိုဘတ်တတ်သည် အားလျော်စွာကမ္ပည်းလိပ်စာ ၂ ခုကို ဘတ်ကြည့်ရာသိရသဖြင့်။ယက္ခကုမ္ဘဏ်တို့ဖြင့်ပြွမ်းသေါလေး အိမ်ရှုရွာသို့သွားရောက်ရမည်ကိုအလွန်ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်ခြင်းဖြစ်လတ့်သတည်း။ဤသို့လျှင်အနိစ္စ၊ဒုက္ခ၊လက္ခဏာ ရေးနှစ်ပါးကို၊သိကျွမ်းနားလည်သဖြင့်ခေတ္တမျှဆင်ခြင်အောက် မေ့နိုင်ခြင်းသည်။ကမ္ပည်းလိပ်စာကို၊ ဘတ်တတ်သောခ ရီး သွားယောကျ်ားနှင့် တူ၏။ အနိစ္စ မကင်း သဖြင့်။ ဘဝတပါးသို့ ပြောင်းလည်ရမည်သူကား။ခရီးသွားယောကျ်ားနှင့်တူ၏။သေ

သည်၏ အခြားမဲ့၌။ သုဂတိ။ ဒုဂ္ဂတိတည်းဟူသော ကုသလာဓမ္မါ။အကုသလါဓမ္မါတည်းဟူသောတရား၂ပါးသည်။လေးအိမ်ရုဂ္ဂါသို့သွါးသောလမ်းနှစ်ဆဲ့ခုနစ်အိမ်ရှိဂ္ဂါသို့သွါးသောလမ်းနှစ်လမ်းနှင့်တူ၏။ထိုလမ်းနှစ်လမ်းမှတပါး။အခြားသွားရာလမ်းမရှိဟူသော အရာ၌။ အဗျာကတ တရားကို။ မြှုပ်၍ရေးလိုက် သတည်း။ထိုသို့မြှုပ်၍ရေးလိုက်ခြင်းသည်။ဤစာကိုဘတ်ရှုမည့်ပုဂ္ဂိုလ်တို့နှင့်။မသက်ဆိုင်လှသေး၍ထုတ်ဖော်မရေးဘဲ။ မြှုပ်ထားလိုက်သည်။(ဤကားစကားချပ်။ )သေရမည်ကို သိသောသူသည်။ ယက္ခ၊ ဘီလူးတို့နေသောလေးအိမ်ရုဂ္ဂါနှင့်တူသောငရဲ။တိရစ္ဆာန်။ပြိတ္တာ။အသူရကာယ်။အပါယ်လေးဘုံသို့သွားရောက်ရမည်ကိုကြောက်ရွံ့တုန်လှုပ်လတ့်ံ။ဗြဟ္မာ့ဘုံနှစ်ဆယ်နတ်ပြည်ခြောက်ထပ်။ လူ့ဘုံ တဘုံတည်းဟူသော လောကဝတ်ကို ပြုတတ်သူတို့နေသော နှစ်ခုနှစ်အိမ်ရှိဂ္ဂါသို့သာသွားရောက်ချင်သောဆန္ဒရှိလတ့်ံ။ သို့ကြောက်ရွံ့ဖိုးရိမ်ခြင်း။ သွားရောက်လိုသောဆန္ဒရှိခြင်းတို့သည်။အနိစ္စ၊ဒုက္ခ၊လက္ခဏာရေးနှစ်ပါးအား။သိမြင်ဆင်ခြင်နိုင်သူတို့၌သာဖြစ်လတ့်၊ သို့သိမြင်သူသည်။ အပါယ်လေးဘုံသို့ သွားရမည်ကိုကြောက်သဖြင့်ရင်း။ဗြဟ္မာ့ပြည်။နတ်ပြည်။ လူ့ပြည်တို့၌သာ သုခကိုခံစား လိုသောစိတ်ရှိသဖြင့်ရင်း။ဒေါသ၊လောဘ၊မောဟကို။တတ်စွမ်းနိုင်သမျှ ဖယ်၍။ ဒါနသီလကို ပွါးရာ၏။ ခရီးသွားယောကျ်ားသည်။ကမ္ဘည်းလိပ်စာကို။ဘတ်တတ်သူမဟုတ်က။မည်သည့်လမ်းကိုသွား၍။ မည်သည့်အကျိုးအပြစ်စံစားခံစားရမည်ကို မသိခြင်းကြောင့်။ယက္ခ၊ကုမ္ဘဏ်တို့နေသေါလေးအိုမ်ရုဂ္ဂါလမ်းကိုသွါးမိသဖြင့်။ကြီးစွါသေါဘေးဥပါဒ်ကိုခံရရာ၏။ယခုအခါ။မြတ်စွါဘုရားသခင်၏သာသနာတော်အတွင်းဖြစ်သဖြင့်။ ဆရာသွမ်းမိဘဘိုးဘွားအစရှိသောသူတို့၊သင်ကြားပြသ၍သော်ရင်း။ အကြားအမြင်ဖြင့်သိ၍ သော်ရင်း။ အနိစ္စ၊ ဒုက္ခ၊လက္ခဏာရေးကိုထင်မြင်နိုင်သည့်အခါကြုံကြိုက်ပါလျက်။ လောဘဒေါသနိုင်ငံ

၂၃၅၆

သို့လိုက်၍။သိက္ခမ်းနားလည်အောင်သင်ကြားခြင်းကို လုံ့လမ
စိုက်လျှင် သော်ငင်း။ သိက္ခမ်းလျက်မဆင်ခြင်လျှင်သော်ငင်း။
ကမ္ဘည်းလိပ်စာကိုမဘတ်တတ်သောခရီးသွား ယောကျ်ားကဲ့
သို့။အကျိုးအပြစ်ကိုမသိ၍။ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာအသူရကာယ်
အပါယ်လေးဘုံ၌နစ်မွန်းရာ၏။ ထိုကြောင့်။ သိက္ခမ်း နားလည်
အောင်သော်ငင်း။လုံ့လစိုက်ရာ၏။ သိက္ခမ်းနားလည်ပြီးသူဖြစ်
လျှင်လည်း။ ထိုလက္ခဏာရေးနှစ်ပါးကို။ မပြတ်မလပ်ဆင်ခြင်
သုံးသပ်ရာ၏။ သို့ဆင်ခြင်ခြင်းဖြင့်။ လောဘနိုင်ငံသို့လိုက်စား
ခြင်းနည်းလတ့ံ။ဒေါသနိုင်ငံသို့လိုက်စားခြင်းနည်းလတ့ံ။အဘယ်
ကြောင့်ဟူမူ။ သေရမည်ကားမချွတ်တည်း။ ယနေ့သော်ငင်း။
နက်ဖြန် သော်ငင်း ဟူ၍။ ပိုင်းဖြတ်နိုင်ခြင်း မရှိသည်၏ အဖြစ်
ကြောင့်။ယနေ့ညနေလှပစွါတန်ဆါဆင်လျက်နေသူကိုမြင်ခဲ့ရ
လျက်။နက်ဖြန်နံက်ငင်းသူသေလျက်ကြွင်းကျန်သေါရုပ်ကလပ်
ကိုမြင်ရသဖြင့်။ငါလည်းထိုနည်းတူသေချေမည်တကား။လော
ဘနိုင်ငံသို့လိုက်စား၍။တထောင်တသောင်းပင်။မှန်ကန်သော
တရားနှင့်ဖြစ်စေ။ မမှန် ကန်သော တရားဖြင့်ဖြစ် စေရသော
ပစ္စည်းသည်။ငါသေက၊ကြွင်းကျန်ရစ်ခဲ့ပြီတကားဟု။ဆင်ခြင်
မိသဖြင့်။ လောဘတရားကိုပယ်နိုင်ရာ၏။ ။ငါ့အားဆဲရေး
ဘူးသည်အနာဒရ ပြုဘူးသည်။ နှိပ်စက်ခဲ့ဘူးသည်။ ငါ့သား၊မ
ယား၊ငါ့ဆွေမျိုးအားသော်ငင်း နှိပ်စက်ခဲ့ဘူးသည်။ ငင်းရန်သူ
အား။အငြိုးထား၍ရန်တုံ့ပြန်မည်ဟု။ ဒေါသပွါးသည်ကိုလည်း။
ငါသည်သေရချေမည်တကား။ဒေါသအလျှော်ရန်တုံ့ပြန်ပြီးမှ
သော်ငင်း။ရန်တုံ့မပြန်ရမီကြံ့စည်စင်ပင်ငင်း။သေရချေက၊ငင်း
ဒေါသအစွမ်းဖြင့်၊ အပါယ်လေးဘုံသို့ရောံရချေ မည်တကား
ဟုစဉ်းစါးဆင်ခြင်းသဖြင့်၊ဒေါသကိုဖြတ်ရာ၏။ကုသိုလ်တရား
ကိုပင်မပွါးစေမူ။အပါယ်လေးဘုံသို့ရောက်ရာရောက်ကြောင်း
ဖြစ်သေါတရားကိုနှိပ်နင်းနိုင်ကတည်းက။ကြီးစွာသောအကျိုး
ကိုခံစားရရာ၏၊သို့ကြောင့်။ဤလက္ခဏာရေးနှစ်ပါးကို။ယခုအ

သက်တမ်းအားဖြင့်။ နှစ်ပေါင်းခုနစ်ဆယ်တရာမျှ၊ နေရသူတို့
သည်။အမြဲအစွဲ၊မပြတ်ခလပ်၊အခါခါကိုမရွေးဘဲ။စိတ်စွဲဆင်ခြင်
ကြပါကုန်။

၁၆။ ဤသို့လက္ခဏာရေးကို ရှေ့ရှုဆင်ခြင်၍အမြဲအစွဲ
အာရုံပြုနိုင်ကာလ။ ကာမဂုဏ် အာရုံတို့၌ စုံမက် တိမ်းညွတ်
တတ်သော ဆန္ဒ။ ပြင်းစွာတပ်တတ်သော ရာဂ။ အလွန် ဘိစိး
လိုလားတတ်သော။ဆန္ဒရာဂ။ မိန်းမယောကျာ်းတို့၌လက်ခြေ
အင်္ဂါ။ မျက်နှာကိုယ်ပြင်။ ရုပ်သွင်သက်ရွယ်တို့၏ တင့်တယ်
ဟန်။ မတင့်တယ်ဟန်ကိုကြံခြင်းအစရှိသော၊ သက်ပွရာဂတို့
သည်၎င်း။ထိုဝတ္ထုကာမ။ကိလေသာကာမတို့ကိုမှီ၍ဖြစ်သော
စိုးရိမ်ခြင်း။အမျက်ထွက်ခြင်း။ရန်ငြိုးဖွဲ့ခြင်းအစရှိသော၊ဗျာပါ
ဒတရားစိတ်စေတသိက်တို့၏မခန့်မရန့်။လေးလံထိုင်းမှိုင်းခြင်း
ပျင်းရိခြင်းငိုက်မြည်းခြင်းတည်းဟူသောထိနမိဒ္ဓတရား။မတည်
မတန့်ပြန့်လွင့်ခြင်း။ နှလုံးမသာခြင်းဟူသော ဥဒ္ဓစ္စကုက္ကုစ္စတ
ရား။အာရုံ၏သဘာဝကိုရချဆတ်ဆတ်မဆုံးဖြတ်နိုင်ခြင်းတည်း
ဟူသော ဝိစိကိစ္ဆာ တရား။ ဤငါးပါးသော နီဝရဏ တရား
တို့ကို အောင်မြင်ရာ အောင်မြင်ကြောင်း၏ အထောက်အပံ့ကို
ရသတည်း။

၁၇။ နာမ်ရုပ်သဘောနှင့်တကွ။အနိစ္စဒုက္ခတရားနှစ်ပါးကို
ထိုက်သည်အားလျော်စွာဘော်ပြထားပြီးသည်ကိုကောင်းမွန်
စွာသိမှတ်ပြီးနောက်။ဝိပဿနာဉာဏ်အဆင့်ဆင့်တက်၍သိမ်
မွေ့သောအတ္တအယူကို ပယ်နိုင်အောင်။ ဒိုကောဒိုက စသော
သုညတနည်းတို့ဖြင့်။ အထပ်ထပ်ခန္ဓာငါးပါးကို ရှုဆင်ခြင်ပြီး
လျှင်။ သင်္ခါရုပေက္ခာ ဉာဏ်ကိုရမှ။ သင်္ခါရကိုလစ်လျူရှုနိုင်
ချေမည်။ ပဌမမဂ်ဉာဏ်ကိုရမှ။ အတ္တအယူကိုပယ်နိုင်သည်။
ဤအတ္တအယူကို ပယ်နိုင်ခြင်းသည်ပင်လျှင် အနတ္တလက္ခဏာ
မည်၏။ ။ထိုအနတ္တလက္ခဏာကိုယခုအခါအများအားဖြင့်သိ
မြင်ဆင်ခြင်ကြသည်ကား။အနတ္တ။ဩ၊ကိုယ်မဟုတ်ပါတကား

ဤကိုယ်သည်ငါ၏ကိုယ်မဟုတ်ချေ။ ဌက်ပျောတုံးလက်ပံတုံး
များကဲ့သို့ပင်တည်း။ သေသည့်၏အခြားမဲ့၌။ဤကိုယ်ကိုသင်း
ချိုင်းသုသာန်တွင်မြှုပ်ရချေမည်သို့မြှုပ်ရပြီးနောက်။ဤကိုယ်
သည်ပုပ်ပွကြေကွဲ ပျက်စီးရချေမည်တကားဟူ၍ သာ။ သာ
မညဆင်ခြင်ကြနိုင်၏ငင်းလက္ခဏာ၏အနက်အဓိပ္ပါယ်ကိုသေ
ချာစွာသိသူအလွန်နည်းကုန်သဖြင့်။ တော်လျော်ယုံ ဘော်ပြ
ဦးအံ့။

၁၇။ အနတ္တဟူသောပုဒ်၌။ န၊အတ္တဟူပုဒ်ဖြတ်၍။အတ္တာ၊
အတ္တသည်။န၊မဟုတ်ဇာတိ၊ထို့ကြောင့်။အနတ္တာ၊အနတ္တမည်၏။
အနတ္တာ၊အတ္တမဟုတ်။ ။နတ္ထိဧတဿ အတ္တာဝါအနတ္တာ။ ။
ဝါ၊တနည်းကား။ဧတဿ၊ဤခန္ဓာငါးပါး၌။အတ္တာ၊အတ္တသည်။
နတ္ထိ၊မရှိ။ဇာတိ၊ထိုကြောင့်။အနတ္တာ၊အနတ္တမည်၏။ ။အဓိပ္ပါယ်
ကား။ဤခန္ဓာငါးပါး၌အတ္တဟူသည်မရှိချေဆိုလိုသည်။ အတ္တဟူ
သည်အဘယ်နည်းဟူမူ။ ဤအနတ္တတည်းဟူသောပုဒ်အတွက်
ကား။ခန္ဓာငါးပါးကိုပိုင်ဆိုင်သဖြင့်စိုးမံခွင့်ရသူ ငင်းခန္ဓာငါးပါး
ကိုမိမိအလိုသို့လိုက်စေနိုင်သောသူဤခန္ဓာငါးပါး၏အကြောင်း
ကြောင့်ဖြစ်သောအကျိုးကိုခံစားရသူသည်အတ္တမည်၏။ဥပမာ
ငပြုံ၌အိမ်တဆောင်ရှိ၏။ထိုအိမ်ကို။အိမ်မရှိသူငမဲအားလခဖြင့်
ငှါး၍အိမ်ခကိုငပြုံကခံစား၏။ ထိုအိမ်၌ရှိသော အိပ်ခန်း။ဧည့်ခံ
ခန်း။ထမင်းစားခန်းတို့ကို။အိမ်ငှါး၍နေသူသည်။သဘောမကျ။
ထပ်မံပြုပြင်လို၏။အိမ်ငှါးနေသူငမဲသည်။ မိမိပိုင်အိမ်မဟုတ်၍။
ငပြုံအားပန်ကြားရရာ၏။ ငပြုံမှာမူ ငင်းအိမ်၏ အရှင် ဖြစ်တပြီး
ကား။မိမိအလိုရှိတိုင်းကြီးသော အခန်းကိုငယ်အောင် နှစ်ပိုင်း
ပိုင်းခြင်း။ရှည်သောအခန်းကိုတိုအောင်ပြုခြင်းအစရှိသဖြင့်။အ
လိုရှိတိုင်းပြင်နိုင်၏။အိမ်မှရသောအခကိုလည်းခံစားရ၏။ ။
ဤသို့လျှင်ခန္ဓာငါးပါးကိုအိမ်ဖြင့်သဏ္ဍာန်ထါးလျှင်။အိမ်ရှင်ငပြုံ
သည် အတ္တပင်တည်း။ ထိုခန္ဓာငါးပါးကို၊အတ္တဟူ၍ပိုင်ဆိုင်ခံ
စားသူရှိ၏လောဟုံစဥ်းစားလျှင်။ အိမ်အခန်းတို့ကို အိမ်ရှင်ငပြုံ

ပြင်ဆင်နိုင်သကဲ့သို့ခန္ဓာငါးပါးကိုပြုပြင်နိုင်သူမရှိ။ခန္ဓာငါးပါးနှင့်ရူပက္ခန္ဓာကိုအစပြု၍။ ဤမျက်နှာသည် မလှမတင့်တယ်။လှပတင့်တယ်အောင် ပြင်လတံ့ဟူ၍လည်း ပြင်ဆင်နိုင်သူမရှိ။ အသားညိုမည်း၏။ ဖြူအောင်ပြင်ဆင်လတံ့ဟူ၍လည်း မပြင်ဆင်နိုင်။ ဤခန္ဓာသည်တနေ့တခြားယုတ်လျော့၏။သွားကျွေ၏။ဆံဖြူ၏။ မျက်စေ့သီ၏။ ယုတ်လျော့ခြင်းမရှိအောင်။ သွားမကျွေအောင်။ဆံမဖြူအောင်။ မျက်စေ့မသီအောင်ပြင်ဆင်မည်ဟူ၍လည်းမပြင်ဆင်နိုင်ကုန်။ ပြင်ဆင်နိုင်သူမရှိ။အကယ်၍ အိမ်ကိုပြုပိုင်သကဲ့သို့၊ ခန္ဓာငါးပါးကို ပိုင်သူအတ္တဟူ၍ရှိပါက။ ၎င်းအတ္တသည်။ ပြုကမိမိအိမ်ကိုသဘောရှိတိုင်းပြင်ဆင်နိုင်သကဲ့သို့။ ခန္ဓာငါးပါးကိုအတ္တက။ သွားမကျွေမျက်စေ့ မသီအောင် သော်၎င်း။ မလှမတင့်တယ် သည်ကို လှပ တင့်တယ်အောင် သော်၎င်းပြင်ဆင်နိုင်ရာ၏။ သို့မပြင်ဆင်နိုင်ကတည်းက။ အိမ်ကိုပိုင်သူ ပြုရှိသကဲ့သို့ ခန္ဓာငါပါးကို ပိုင်သူ အတ္တဟူ၍ မရှိသတည်း။

၁၉။ အနတ္တလက္ခဏာကို။ယခုသုံးသပ်သူတို့တွင်ဆိုခဲ့ပြီးသည့်အတိုင်း။ ဩ၊ဤကိုယ်သည်ငါ၏ကိုယ်မဟုတ်ပါတကားဟုသုံးသပ်ဆင်ခြင်ခြင်းလည်း။ အနတ္တလက္ခဏာ၏ အနက်မဟုတ်သည်ကိုထင်လျှား၏။ အဘယ့်ကြောင့်ဟူမူ။ ငါ၏ကိုယ်မဟုတ်ဟူရာ၌။ကိုယ်မဟုတ်သည်ကိုဖယ်၍။ငါဆိုရန်ခန္ဓာငါးပါးတွင်တစုံတရာမျှမရှိ။ မရှိသည်ကိုမစဉ်းစားဘဲ ငါ၏ကိုယ်မဟုတ်ဟုယူလျှင်။ငါ။ဟူ၍ရုပ်သော်၎င်းနာမ်သော်၎င်းရှိသည်ဟူရာ၏။ ၎င်းငါဟူသောအယူပင်မှား၏။ မှားသည်ကိုထင်စွာဘော်ပြဦးအံ့။ ။အချို့သူတို့၏သဘောအယူ၌ယခုဖြစ်လျက်ရှိသော ဘဝသို့။ ဖြစ်ပြီးသောဘုံမှ။ ကုသိုလ်အကုသိုလ် စိမ့်လိုက်သည့်အတိုင်း။ယခုဘဝသို့အသက်ပြောင်း၍ ခံစားစံစား၏။ ယခုဘဝပြုသမျှကံ၏အစွမ်းဖြင့်သောကာလ။ ဤကိုယ်ခန္ဓာကိုပစ်ခဲ့၍၎င်းအသက်သည်နောင်ဘဝ၌မည်သည့်ဘုံမှာမဆိုကံ

ပစ်ချရာခံစားစံစားရလတံ့။ သံသရာစက်၌ဤသို့တပြောင်းပြန်ပြန်ပင်။ ၎င်းအသက်သည် ခန္ဓာပြောင်း၍ခံစားရ၏။ နိဗ္ဗာန်သို့ရောက်မှပင် ဤအသက်ပျောက်မည်ဟု ဆင်ခြင် ကြတတ်၏။ ဤသို့ဆင်ခြင်သူသည်များ၏။ ကိုယ်ခန္ဓာကို စွန့်ပစ်ရသည်မှာလည်း တွေ့ကြုံရသည်များ၍၎င်း။ ပညာဖြင့်ဆင်ခြင်၍၎င်း ဤကိုယ်ခန္ဓာ၏ မမြဲသည်အဖြစ်ကိုအမှန်သိကာလ။ ခန္ဓာကိုပစ်ရခြင်းခန္ဓာ၏သင်္ခါရဖြစ်ခြင်းကိုမငြင်းနိုင်။ သုံးဆဲ့တဘုံ၌ ကျင်လည်ရသည်ကိုလည်းစာပေအတော်သင်ဘူး၍၎င်း။အကြားအမြင်ဖြင့်သိ၍၎င်းယုံကြည်သဖြင့်။အသက်သည်တဘုံမှတဘုံသို့ပြောင်းလဲ၍ ခံရစံရ၏ဟုတဖန်တပ်သော ဆန္ဒကိုမလွှန်နိုင်၍။အယူရှိပြန်၏။ ။ဤသို့အသက်ရှိသည်။ထိုအသက်သည်မြဲ၏။ထိုအသက်မှာပင်ပြုသမျှကုသိုလ်အကုသိုလ်ကံပါ၏။ ယခုဘဝ၌ကုသိုလ် ကောင်းမှုကိုပြု၍သေလျှင်။ကိုယ်ခန္ဓာကျန်ရစ်၍အသက်သည်ထိုက်သက်ရာ။ နတ်ပြည်ဗြဟ္မာပြည်သို့သွားရော်ခံစားရာ၏ဟု အများပင်အယူရှိကြသတည်း။ သို့အယူကြောင့်ထိုအသက်ကိုပင်။ငါ။ဟူ၍ဤကိုယ်သည်ငါ၏ကိုယ်မဟုတ်ဟုအနတ္တလက္ခဏာကိုဆင်ခြင်ကြသတည်း။

၂၀။ ဤသို့အယူရှိကြသော အသက်ကိုပါဠိဘာသာ၌ဇီဝမည်၏။ ၎င်းဇီဝသည်ပင်အတ္တမည်၏။ ထိုခန္ဓာငါးပါးကို။ပိုင်ဆိုင်သူအတ္တမရှိကြောင်းကိုအထက်ဆိုပြီးဖြစ်၍။ အတ္တမရှိကဇီဝမရှိချေ။ထိုဇီဝလည်းခန္ဓာ ၅ ပါးတွင်အပါအဝင်မဟုတ်။ ပါဝင်လျှင်သည်းသင်္ခါရမကင်းက အနိစ္စသဘောအတိုင်း ပျက်၏။ချုပ်၏။အမြဲမတည်ချေ။ တချို့အန္ဓပုထုဇ္ဇာန်တို့ကအသက်ထွက်ခါနီးပြီ။အသက်ထွက်သွားပြီဟူ၍အသက်ဟူသောဝတ္ထုရှိလေဟန်။ ထိုဝတ္ထုကိုပင်အစွဲအမြဲသဘောထားပြီးလျှင်ဤဘဝမှစုတေမနေသေလွန်လျှင်။ထိုမိမိ၏အသက်သည်။ဒုက္ခဘုံသို့မသွားဘဲ။နတ်ပြည်။ဗြဟ္မာပြည်၌သာနတ်တို့၏ခန္ဓာ။ဗြဟ္မာတို့၏ခန္ဓာကိုဝင်၍သုခခံစားရပါစေ။ငါ၏အသက်ကိုနောင်ဘဝ၌

ဒုက္ခကင်းစေကြောင်းဖြစ်သောကုသိုလ်ကောင်းမှုကိုပြုမှသင့်မည်။မပြုမိက။ ဒုက္ခကြီးစွာငါ၏ အသက်ခံရလတ့်။ ယခုတွေးတောသော ပုဂ္ဂိုလ်ကပင် မိမိ၏အသက် နောင်ဘဝတို့၌ ခံရမည်ဒုက္ခကို ယခုခံရဘိသကဲ့သို့ ကြောက်၍။ ကုသိုလ်ပြု၍ဆုတောင်းရာ၌လည်း။ နတ်ပြည်ဗြဟ္မာပြည်တို့၌ ခံစားရပါလို၏ဟု ဆုတောင်းသည့်အခါ။ သေကာလ ဤအသက်ပင် ဘဝပြောင်း၍မိမိလည်း ယခုဘဝမှနောက်ဘဝသို့ အသက်နှင့်ကူးပြောင်းခံစားရတော့မည်ဟုယုံကြည်၍ဒါနကိုပြုသူများကြ၏။ ။သို့ယုံကြည်ထင်မှတ်ခြင်းကားမှား၏။ဟောတော်မူသောနာမ်ရုပ်တရားအစဉ်၌အသက်ဇီဝဟူ၍၎င်း။အတ္တဟူ၍၎င်းမရှိ။အနတ္တအတ္တမရှိ။မဟုတ်ဟုဟောတော်မူသည်။

၂၁။ ဝိသုဒ္ဓိမဂ်။ပဋိသမ္ဘိဒါမဂ်။သံမောဟဝိနောဒနီအစရှိသော အဋ္ဌကထာဋီကာတို့၌။ အနတ္တာအသာရ ကဋ္ဌေနာတိ။အတ္တာနိဝါသီကာရကော။ဝေဒကောသယံဝသီတိ။ဧဝံပရိကပ္ပိတဿအတ္တသာရဿအဘာဝေန။ ဟူ၍ဖွင့်သည်။ ။အနတ္တာအသာရကဋ္ဌေနာတိဟူသည်ကား။အတ္တာ။အတ္တသည်။နိဝါသီ။ခန္ဓာအိမ်အရှင်။(အိမ်ရှင်ကိုသာ ဆိုလိုသည်။ငှါး၍ နေသူဧည့်သည်ကိုမဆို)ကာရကော။မြင်ခြင်းကြားခြင်းအစရှိသော်ကိစ္စကိုပြီးစေတတ်သောကတ္တားဖြစ်၏။ဝေဒကော။သိတတ်ခံစားတတ်၏။ သယံဝသီ။ဤကိုယ်ခန္ဓာသည် အတ္တဟူသူ၏အလိုသို့လိုက်ရ၏။ဣတိဧဝံ။ဤဆိုခဲ့ပြီး သောဝတ္ထုဟူ၍။ပရိကပ္ပိတဿမိစ္ဆာဒိဋ္ဌိတို့ကြံဆအပ်သော။ အတ္တသာရဿ။ ဤကိုယ်ခန္ဓာ၏အနှစ်ဟုမိစ္ဆာဒိဋ္ဌိတို့ယူသောအတ္တဟူသောဝတ္ထု၏။အဘာဝေန။မရှိသဖြင့်။ ။ဟူ၍ဖွင့်သည်။ ။ထို့ကြောင့်ဆိုခဲ့ပြီးသောဥပမာအတိုင်း။အိမ်ကိုအိမ်၏ အရှင်၌ ပြင်ဆင်နိုင်ခြင်းအလိုသို့လိုက်စေနိုင်ခြင်းဖြင့် ပိုင်ဆိုင်ခွင့် ရှိဘိသကဲ့သို့။ ဤခန္ဓာကိုပိုင်ဆိုင်ခွင့်ရှိသည့် ဝတ္ထုတစုံတရာမရှိချေ။ မိစ္ဆာဒိဋ္ဌိတို့ကြံဆသူ

အပ်သော အတ္တသည်ငင်း။ ဇီဝသည်ငင်းမရှိဟူ၍ စွဲစွဲမြဲမြဲမှတ်ကုန်ရာ၏။

၂၂။ ဘုရားသခင်သည်။သဗ္ဗကပရပိဋ်အားဆုံးမတော်မူရာ၌။ဤအနတ္တလက္ခဏာကိုထင်စွာပြလို၍။ ။အကြင်ပြည့်ရှင်မင်းတို့သည်။ မိမိပိုင်သောနိုင်ငံအတွင်း၌ နှိပ်နှင်းကွပ်ညှပ်ထိုက်သောသူကိုလည်းကွပ်ညှပ်ခြင်း၎ါ။နှင်ထုတ်ထိုက်သောသူကိုလည်းနှင်ထုတ်ခြင်း၎ါ။ချီးမြှောက်ထိုက်သောသူကိုလည်းချီးမြှံခြင်း၎ါအစိုးရ၏။ သို့အစိုးရသကဲ့သို့။ မိမိ၏ရုပ်ကိုမိမိပိုင်ထင်လျက်မိမိအဘယ်ကြောင့်အစိုးမရဘိသနည်း။ငင်းရုပ်သည်မိမိ၏ အလိုသို့မလိုက်ဘိသနည်း။ မိမိ၏ရုပ်တရားသည်မလှမတင့်တယ်သည်ကိုလှပရန်တင့်တယ်ရန်ပြုပြင်ခြင်း၎ါမစွမ်းနိုင်ကုန်။ ဆံမဖြူစေလင့်။ သွားမကြွေစေလင့်။ နားမထိုင်းမျက်စေ့မသိစေလင့်ဟုအမိန့်ပေးငြားလည်းထိုရုပ်တရားသည်အလိုသို့မလိုက်။အမိန့်အာဏာကိုမတည်ခြင်းတို့၏အကြောင်းကြောင့်။ငါ၏ကိုယ်ဟုထင်မြင်ခြင်းကားမှားသောအယူတည်းစင်စစ်အားဖြင့် ထိုရုပ်တရားကိုအစိုးရသူမရှိ အစိုးမရသည်သာတည်းဟုအနတ္တသဘောကိုဟောတော်မူသည်။စေ့ရုံစွာအကျယ်အားဖြင့်သိလိုမူ။ မဇ္ဈိမနိကာယ်ပါဠိတော်အဋ္ဌကထာ။မဟာသစ္စကစူလသစ္စကသုတ်တို့၌ရှုပါကုန်။

၂၃။ ဤသို့သောနည်းဖြင့်ရှုဆင်ခြင်သင့်၏။ သို့ဆင်ခြင်ကာလ။ ငါ၏ကိုယ်မဟုတ်။ဤခန္ဓာကိုပိုင်သူမရှိ။ သို့မပိုင်ဆိုင်ဘဲလျက်။ငင်းခန္ဓာကိုအစွဲပြု၍ဒေါသ။လောဘကိုမပွါးစေသင့်ပွါး၍လည်းငင်းခန္ဓာက။ကျေးဇူးတင်တော့မည်မဟုတ်။ ဟူ၍မပြတ်မလတ်သတိပြု၍ လောဘဒေါသကိုနည်းစေအင်၏။ ဤတရားကိုမြဲမြဲသတိပြုကြပါကုန်။ ဤတရားကိုသိနိုင်မြင်နိုင်ခဲလှ၏။ ။သမောဟဝိနောဒနီဋီကာ၌။ အနတ္တလက္ခဏာ။ အနတ္တလက္ခဏာကို။ဗုဒ္ဓုပ္ပါဒ၊ ဘုရားဖြစ်ရာသာသနာတော်တွင်းမှ။ ဝိနာ။ကင်း၍။နပညါယတိ။မထင်မမြင်နိုင်ကုန်၊ဗုဒ္ဓုပ္ပါဒေယေဝ

ဘုရားပွင့်ရာသာသာသနာတော်တွင်း၌သာလျှင်။ ပညာသတိ။ထင်
နိုင်မြင်နိုင်၏ဟူသောအဘွင့်အရယချကြုံကြိုက်သောအခါမှအ
မြဲသတိမပြုကြလျှင်။လူဖြစ်ရှုံးကြမည်။ဤတရားကိုအထူးပင်သ
တိမပြတ်စေဘဲနှလုံးသွင်းရန်အထပ်ထပ်နှိုးဆော်သည်ပါ။ယ
ချအခါ၌။ငါ၏ကိုယ်ဟူ၍ထင်မှတ်စွဲလမ်းပြီးကာလ။ဤကိုယ်၏
လှပတင့်တယ်စေကြောင်း။ ဤကိုယ်၏ ဒုက္ခကင်းစေကြောင်း
တို့ကြောင့်။ တရားသဖြင့်ရင်း၊ မတရားသဖြင့်လိမ်လည်လှည့်
ဖြား။သူတပါးအသက်စည်းစိမ်ကိုဖျက်ဆီး၍ ရင်းရွေငွေကိုရှာ
ကြံကြတတ်၏၊ထိုရှာကြံ၍ရသောပစ္စည်းဖြင့်ဤကိုယ်ခန္ဓာကိုပြု
ပြင်ဆင်ယင်၏ဤကိုယ်ခန္ဓာကိုပင်မပြုပြင်လိုပါဆန္ဒကိုလောဘ
ကိုဖြတ်ပါတော့မည်ဟုအားခဲ၍ကျင့်သုံးနိုင်ပြန်လည်း၊ ဤကိုယ်
ခန္ဓါကိုသူတပါးကရိုက်ပုတ်ထိုးခွဲကျော်နင်းဆဲရေးငြူစူခြင်း
ကိုပြုပြန်လျှင်။ဒေါသနိုင်ငံသို့လိုက်၍ငါ၏ကိုယ်ကိုထိခိုက်ရရာ
သလော။ငါ၏ကိုယ်ကိုထိုးခွဲရရာသလော။ ငါသို့စဉ်ကိုမထီ
မဲ့မြင်ပြုရရာသလော။ဟူ၍စိတ်ကိုမချုပ်တည်းနိုင်ဒေါသ၏အ
စွမ်းဖြင့် တစုံတခုသောမကောင်းမှုကိုပြုမိတတ်ကြ၏။ ဤသို့
ရင်းမပိုင်သော။မဆိုင်သောစိုးစည်းမှုမိမိအလိုသို့မလိုက်ဘတ်
သော။ မိမိကမည်သို့ပင်ရင်းခန္ဓာအတွက်ပြုလုပ် ပူပန်ရသော်
လည်းအနည်းငယ်မျှကျေးဇူးကိုမသိတတ်သော။ ခန္ဓာကိုအစွဲ
ပြု၍ခန္ဓာ၏ အကြောင်းကြောင့် လောဘနိုင်ငံ ဒေါသနိုင်ငံသို့
လိုက်မိတတ်ကြသူများ၍ရင်း။မိမိ၏ခန္ဓာကိုအစွဲပြု၍ တဏှာ၏
အစွမ်းဖြင့်၊ အခြားသူတပါး၏ သားသမီးနှင့်ယချဘာဘွင် လင်
မယားဖြစ်ကြပြန်လျှင်လည်း။ထိုသင်ထိုမယားအားလှပစွာတန်
ဆာဆင်နိုင်အောင်၊ ထိုသင်ထိုမယားကိုချမ်းသာစွာနေရလေ
အောင်၊ ဆိုခဲ့ပြီးသည့်အဘိုင်းတရားသဖြင့်ရင်း မတရားသဖြင့်
ရင်းပစ္စည်းဥစ္စာကိုရှာဘွေချပြန်၏၊ တဖန်ထိုသင်ထိုမယားကို
ထိခိုက်ထိုးခွဲငြူစူသူအားမိမိကိုငြူစူထိုးခွဲသကဲ့သို့ပင်ဒေါ
သထရပြန်၏။ ထိုလင်ထိုမယားဖြင့်ပေါင်းသင်း၍ရသောသား

သ္မီး။သားသ္မီးမှ။မြေးမြစ်တို့ကိုလည်းထိုနည်းအတူစွဲလမ်းတတ်ကြ၏။ ။စည်းစား၍ကြည့်မူ။မိမိကငါ၏ကိုယ်ခန္ဓာဟူ၍ထင်မှတ်သောခန္ဓာကိုမျှမပိုင်ဘဲထိုခန္ဓာနှင့်ယှည်သောအခြားခန္ဓာတို့ကိုမည်သို့ပိုင်မည်နည်း။ မိမိပိုင်သည်ဟုထင်သောခန္ဓာကိုပြုရ၍မှ အကျိုးမရှိမိမိအလိုသို့မလိုက်လျှင်။ အခြားခန္ဓာမှာဆိုဘွယ်ရာမရှိချေ။ သို့ပါ၍စည်လျက် ယခုလောက၌ရှိသမျှ သောသတ္တဝါတို့တွင် အများပင်မိမိ၏ခန္ဓာကိုချစ်ခြင်းမြတ်နိုး၍ ကြိုးစားလုံ့လစိုက်လျက်လောဘဒေါသနိုင်ငံသို့လိုက်ရုံနှင့်ပင်တင်းမတိမ်နိုင်သေး။သားသ္မီး။လင်မယားဟူသောခန္ဓာတို့ အတွက်ပင်ပူပန်သောက ဗျာပါဒမကင်းနိုင်ကြကုန်။ မဆိုင်ဘဲလျက်ငါ၏မယား။ငါ၏လင်။ငါ၏သါးသ္မီးမြေးမြစ်အစရှိသဖြင့်၎င်းတို့အတွက်။အခြားသူ၏မယားမှာ။စိန်နားကပ်။စိန်လည်ကပ်ရှိသည့်ငါ၏မယားကို ထိုနည်းတူဆင်ရအောင်ရှာကြံမည့်။ ထိုထက်လွန်ကဲအောင်ဆင်မည်။ သူတပါးသားသ္မီးမှာ။ ရွှေလက်ကောံရွှုပုတီးရှိသည်။ငါ၏သားသ္မီးကိုလည်းထိုနည်းတူအောင်။သာအောင်ဆင်ဝတ်စိမ့်မည်ဟူ၍၎င်း။ ငါ၏သားမယားကိုစဉ် အဘယ်ကြောင့် ဤသို့သူတပါးဆဲရေးရသနည်း ရိုက်ပုတ်ရသနည်း။ပြုစုရသနည်းဟူ၍ ၎င်းဒေါသလောဘကိုဖြစ်စေတတ်ကြ၏။သို့ဖြစ်စေတတ်ခြင်း၌အဘယ်အကျိုးရှိအံ့နည်း၊ထိုချစ်စွာသောမယားသဉ်ပင်။ မိမိအားရန်ခိုက်ဖြစ်ကာလ။မိမိပြုစုသော၎င်း၏အတွက်ရှာကြံရသောကျေးဇူးတို့ကိုမထောံထားဘဲ။ မိမိအားဆဲရေးအံ့မိမိမတရားပြုလုပ်ရှာကြံသဉ်ကိုထုတ်ဘော်၍ပြောသဖြင့်။ မင်းဘေးမင်းဒဏ်ကိုခံရအံ့။ မိမိကိုသေကြောင်းလည်းကြံတတ်အံ့။သို့မပြုလုပ်သူပင်ဖြင်ပြန်လျှင်လည်းအသက်အတိုင်းနေကြ၍မိမိသော်လည်းသေအံ့။ သားမယားသော်လည်းသေအံ့။မိမိချစ်နှစ်သက်မိသမျှသည် အဘယ်အကျိုးရှိအံ့နည်း။၎င်းတို့အတွက်ပြုလုပ် ရှာကြံရခြင်း ဒေါသ လောဘသာမိမိ၌ကြွင်းကျန်၍ ယှည်းတီးသည်နွား၏ခြေရာကိုနင်း၍ လိုက်ဘိသ

ကဲ့သို့။အရိပ်သည် လူ၏နောက်သို့ အစဉ်တစိုက် လိုက်ဘိသကဲ့သို့သာ။ အကျိုးအပြစ် လိုက်လတံ့သတည်း။ သို့တပြီးကားသားမယား၏အကြောင်းကြောင့်။ဒေါသလောဘနိုင်ငံသို့လိုက်၍အဘယ်အကျိုးရှိအံ့နည်း။ ငါ၏သားသို့။ ငါ၏မယားဟူ၍အဘယ်မှာဟုတ်အံ့နည်းဟူ၍စဉ်းစားဆင်ခြင်ကုန်ရာ၏။

၂၄။ ငါ၏ကိုယ်ဟုစွဲလမ်းတတ်သူကိုဥပမာပုံဆောင်သော်။ဆိုးသွမ်းရှန့်ကြမ်း။ ညစ်ညမ်းလှသောမိန်းမကို နှစ်သက်မှားသော ယောကျ်ားသည်။ ထိုမိန်းမကို နှစ်သက်မြတ်နိုးစေခြင်းငှါ။ လင်တို့ပြုရသောဝတ်ကိုမချွတ်စေဘဲ ပြုရလုပ်ကျွေးလေငြားလည်း။ယုတ်မာသောမိန်းမဖြစ်၍။ လင်ကိုဆဲရေးမြည်တမ်းခြင်းနှလုံးမသာအောင်ပြုခြင်းတို့ဖြင့်သာနေ့ကိုလွန်စေ၏။ လင်ကလည်း။မိမိနှစ်သက်သောမယားဖြစ်၍။ မျက်နှာရွှင်လန်းကြည်လင်စိမ့်သောငှါ။ မျက်နှာသစ်ရေ တည်ခြင်း။ ဒန်ပူပေးခြင်း။ချိုးရေသောက်ရေတည်ခြင်း။ အဝတ်အစားကိုစီမံခြင်း။ သနပ်ခါးပန်းအစရှိသောအမွှေးအထုံတို့ကိုအဆင်သင့်ပြင်ဆင်၍ထားခြင်းတို့ဖြင့်လုပ်ကျွေးပါသော်လည်း။မျက်နှာ၏ကြည်လင်ခြင်းကိုမှမရ။ ဆဲရေးငေါက်ငန်း ကြမ်းတမ်းသောစကားကိုသာဆို၍လင်ကိုနှိပ်စက်၏။ ထိုယောကျ်ားလည်းမိမိ၏မိန်းမ၌။အလွန်ပြင်းစွာတဏှာစွဲလမ်းခြင်းချစ်ခြင်းရှိသည်ဖြစ်၍ရင်းမိန်းမအားမစွန့်ပစ်နိုင်။မိန်းမ၏အလိုပြည့်ကြောင်းကိုသာကြံစည်၍။ မိမိတယောက်ထည်းပြုရ၍ပင် အားမရဖြစ်ရာသလောဟု ကြံစည်မိလျှင်။မိမိ၏ညီ၊ညီမ၊တူ၊တူမ၊ ဆွေမျိုးတော်စပ်သောသူတို့အားခေါ်၍ရင်းမိန်းမယုတ်၏ အလိုပြည့်အောင်ရှေးကထက်သာလွန်၍ပြုရကြပြန်၏။သို့ပြုရလေငြားလည်း၊မိန်းမယုတ်သည်ညွှာတာခြင်းကိုမပြု။တိုး၍တိုး၍ပင်လင်ကိုညှဉ်းဆဲ၏။ သို့သက်သာခွင့်ကိုမရပြန်က။ထိုယောကျ်ားသည်။ မန္တာန်ဂါထာတတ်မြောက်သူဆရာကြီးတို့ထံကပ်၍။ ခြေကြွပေးပြီးလျှင် မိမိ၏မယားထံခေါ်ခဲ့၍လုပ်ကျွေးပြန်သော်လည်း သက်သာရာကိုမရ

အဖန်တလဲလဲ ဆဲတုံမြည်တုံဖြင့် ဩဦးဆဲပြီးနောက်၊ ၎င်းမိန်းမ ယုတ်သည်ယောကျ်ားတယောက်ထံသို့လိုက်ပြန်၏။ ။ထိုအ တူဤခန္ဓာကိုမိမိပိုင်ဟု ထင်မြင်စွဲလမ်းသူသည်၊ ၎င်းခန္ဓာအား တန်ဆာဆင်ခြင်းဒန်ပူစားခြင်း။အမွှေးအထုံလိမ်းကြံခြင်းအစား ကောင်းကိုသုံးဆောင်ခြင်းချမ်းသာနူးညံ့သောအိပ်ရာ၌အိပ်ခြင်း တို့ဖြင့် မိန်းမယုတ်ကိုချစ်ခင်သော ယောကျ်ားကဲ့သို့ပြုရလုပ် ကျွေး၏။ ထိုခန္ဓာသည်ဤသို့ပင်လုပ်ကျွေးပါသော်သည်း။ ကိုး ဆဲ့ခြောက်ပါးသော ရောဂါဝေဒနာတို့သည် နှိပ်စက် ရကား။ ချမ်းသာခြင်းကိုမရ။ ငါ၏ကိုယ်ကို ငါတယောက်တည်း လုပ် ကျွေး၍မတတ်နိုင်ချေ။ဆွေမျိုးမိဘတို့ကိုခေါ်၍ လုပ်ကျွေးမည် ကြံစည်ခေါ်ငင်ပြီးလျှင်ပိုင်းဝန်းကူညီလုပ်ကျွေးပြန်၍လည်း။ ဤ ခန္ဓာသည်ချမ်းသာခွင့်ကိုမပြု။တဖန်ဆရာကြီးများကို ဥစ္စာရွှေ ငွေပေး၍ကုသပြုရပါသော်လည်း ချမ်းသာရာမရ သေမင်းနိုင် ငံသို့ လိုက်သတည်း။ ဤဥပမာအလျောက် မိန်းမယုတ်နှင့် တူ သော ခန္ဓာ ၅ ပါးအစုကို။ နှစ်သက်သော ယောကျ်ားနှင့် တူ သော၊ ထိုခန္ဓာကိုစွဲလမ်းသူကဲ့သို့။ အနည်းနည်း ပြုရပါသော် လည်း။အလိုသို့မလိုက်ဘဲ။ သေမင်းနိုင်ငံသို့လိုက်ရာ၏။ ။ဤ သို့ကျေးဇူးကိုမသိတတ်၊အလိုသို့မလိုက်သောခန္ဓာကိုအစွဲပြု၍ လောဘဒေါသပွါးခြင်း၌၊မိန်းမယုတ်ကိုနှစ်သက်၍ ပြုရမိသော ယောကျ်ားမိုက်ကဲ့သို့ အကျိုးမရှိရာချေ၊ ဤခန္ဓာ၏အကြောင်း ကြောင့်မတရားသောဒုစရိုက်ကိုမပြုသင့်ကုန်။

၂၅။ သို့ကြောင့်။ဤခန္ဓာသည်ငါ၏ခန္ဓာမဟုတ်ချေ။ငါအ စိုးမရချေ။ခန္ဓာငါးပါးတွင်ငါဟူ၍စွဲလမ်းရန်မရှိ။အသက်တဦး ဟူသော ဇီဝလည်းမရှိ။ ပကတိ။ ဥပါဒ်၊ဌီ၊ ဘင်တရားဖြစ်ချေ သည်။ဘဝတပါးမှ။ ဘဝတပါးသို့ပြောင်းလဲ၍ ဒုက္ခခံရန်သုခခံ စားရန်မည်သည့် ဝတ္ထုမှမရှိ ပါတကား။ ဟူ၍ နှလုံးသွင်းနိုင် က။ဒုစရိုက်တရားကိုကောင်းစွာမြိုးခြိုနိုင်ရာ၏။

၂၆။ သို့အတ္တလည်းမရှိအသက်ဟူ၍ခေါ်ရန်နာမ်ရုပ်မရှိဖြစ်

တပြီးကား။ ခန္ဓာ၅ပါးသာသုံးဆဲ့တဘုံ၌ ကျင်လည်လျက်ဖြစ်၏။ ဖြစ်၍ပျက်၏။ ဥပါဒ်၊ ဌီ၊ ဘင်ဟူသောဖြစ်ခြင်းတည်ခြင်းပျက်ခြင်း တရားသည်လျှင်မလွဲသောတရားတည်း။ ဖြစ်လျှင်ပျက်ရမည်ချည်း တည်း။ ဖြစ်ရန်လည်းတစုံတခုသောဝတ္ထုမပါမရှိ။ ပျက်သည် ၏အခြားမဲ့၌လည်းဘဝသစ်သို့ပါသွားရန်ဝတ္ထုမရှိ။ အသက်ပါ သွားဟန်။ ထိုအသက်ကိုပင်မိမိဟုထင်မှတ်၍မိမိနောက်ဘဝ၌။ ဘုံဗိမာန်အခြွေအရံဖြင့်ကြီးသောစည်းစိမ်ကိုခံစားရစေသော ဟုဒါနသီလကိုပြုသူတို့မှာအဝိဇ္ဇာပုညာဘိသင်္ခါရဖြစ်၍နိဗ္ဗာန် သို့မျက်မှောက်မပြုနိုင်ကုန်။ ဤအသက်ဟု စွဲလမ်းသောတရား ပင်ဒိဋ္ဌိမည်၏။ ဒိဋ္ဌိအယူကြောင့်ကားအပါယ်လေးဘုံသာ လား ရာသောလမ်းဖြစ်၏။ အင်္ဂုတ္တိုရ်ပါဠိတော်၌။ ။မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေသမ္ပန္နာဂတာသတ္တာကာယဿဘေဒါပရမ္မရဏာ။ အ ပါယံဒုဂ္ဂတိံဝိနိပါတံနိရယံဥပပဇ္ဇန္တိ။ ဟူ၍ဟောတော်မူသည်။ ဘိက္ခဝေ။ ရဟန်းတို့။ မိစ္ဆာဒိဋ္ဌိယာ။ မှားသောအယူနှင့်။ သမ္ပန္နာဂ တာ၊ ပြည့်စုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ။ ပျက်သည်မှ။ ပရမ္မရဏာ။ စုတိကျသော အဆုံး၌။ အပါယံ၊ ကုသိုလ်မှကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းမှုကို ပြုကုန်သောသူတို့၏လားရာဖြစ်သော။ ဝိနိပါတံ၊ ဖရိုဖရဲကြွ၍ကျ ရာဖြစ်သော။ နိရယံ၊ ငရဲသို့၊ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဤသို့မှားသော အယူကိုယူမိက။ ဧကန်ငရဲသို့လားလတံ့သည်ကို မျက်မှောက် ထင်ထင်ရှုမြင်ကြပြီးသော်။ ဤအလွန်စွဲလမ်း၊ တပ်ငြိတတ်သော မိမိကိုယ်။ မိမိသား။ မယားသွီးဟူသောစိတ်၏ ထင်မှားခြင်းကို ဉာဏ်ဖြင့်ပိုင်းဖြတ်ပြီးလျှင်ဆိုခဲ့သည့်အတိုင်း။ အနတ္တလက္ခဏာ ရေးသုံးသပ်သင့်ချေသည်။

၂၇။ ဘဝတပါးသို့ပြောင်းလဲကာလ။ ခန္ဓာငါးပါးချုပ်နာမ် တရားတို့ကိုစွန့်ပစ်ခဲ့ရရကား။ မည်သည့်ဝတ္ထုပါသွားသနည်း ဟူမူ။ ဘဝပြောင်းပုံကို။ ဤသို့ဟောတော်မူ၏။ ။ဘဝပြောင်း ကြွေသည့်အခါတိုင်း။ ဖြစ်လျက်ရှိသောဘုံအလျောက်။ ခန္ဓာတို့

ကိုအားလုံးစွန့်ပစ်ချေသည်။ သို့စွန့်ပစ်သည့်အခါ၊ ကုသိုလ်အကုသိုလ်စိမံသည့်အားလျော်စွာ၊ နေခံဘဝ၌ဖြစ်ရ၏။ တစုံတရာသောခန္ဓာလည်းမပါမရှိ။ ကုသိုလ်အကုသိုလ်ဆိုသဉ်လည်း။ နာမ်တရားဖြစ်၍ခန္ဓာ၅ ပါးအပါအဝင်ချုပ်၏၊ အဘယ်သို့နည်းဟူမူ။ ၎င်းခန္ဓာပဉ္စကကိုစွန့်ကါလ၊ ထိုဘဝ၌သော်၎င်း၊ ရှေးရှေးသောဘဝတို့၌သော်၎င်းပြုခဲ့သောကံသဉ်အချိန်ကာလရောက်၍အကျိုးကိုပေးတော့အံ့ဟု။ ထိုက်သက်ရာ ဘုံသို့သွားရောက်ခံစားရန်စိမံလိုက်၏။ စိမံရုံမျှသောအကြောင်းဖြင့်နောက်ဘဝ၌အကျိုးအပြစ်ကိုခံစားစံစားရ၏။ ဥပမာ။ မီးတိုင်တခုမှ။ တခုသောမီးတိုင်၌ ညှိထွန်းလျှင် ထိုမီးမရှိသေးသော မီးတိုင်၌မီးရောက်၍တောက်လောင်၏။ သို့တောက်လောင်သောမီးတိုင်သို့အညှိခံရသောမီးတိုင်မှ။ တစုံတရာသေးမီးသည် ပါသွားလေသလောဟူမူ။ ထိုအညှိခံရသောမီးတိုင်၌မီးအလုံးအရင်မလျော့သည်ကိုထောက်၍ ပါမသွားသည်သာတည်း။ သို့ပါမသွားလေလျှင်၎င်းမီးတိုင်နှင့်ကင်း၍ မီးမရှိသေးသောမီးတိုင်မှမီးအလိုအလျောက် တောက်ပါသလောဟူမူ အလိုအလျောက်လည်းမတောက်ချေ။ သို့တပြီးကား။ ထိုမီးတိုင်မှမီးလည်းမပါ။ ထိုမီးတိုင်ကိုကင်း၍လည်း အခြားမီးတိုင်၌ မီးမရောက်ချေဟူသောဥပမာနှင့်မခြား။ ယခုဘဝမှနောက်ဘဝသို့ပြောင်းသည်အခါတိုင်းမှာပင်။ ကုသိုလ်အကုသိုလ်တရားသည် ပါခြင်းမရှိ။ ၎င်းဘဝမှ ကုသိုလ်အကုသိုလ်ကိုကင်း၍လည်းမဖြစ်ကုန်။ ထိုနည်းတူ။ တံဆိပ်ကို၎င်း။ အရိပ်ကို၎င်း။ ပဲ့တင်သံကို၎င်းဥပမာပြု၍ရှုဆင်ခြင်ကုန်ရာ၏၊ ။ဤသို့ရှုဆင်ခြင်နိုင်ကာလ။ အသက်လည်းမကူး။ အတ္တဟူ၍လည်းမရှိသဉ်ကိုယုံကြည်အံ့သတည်း။

၂၀။ အရှင်နာဂသေန မထေရ်ထံသို့ မိလိန္ဒမင်းကြီးကြွရောက်လျက်တရံရောအခါ လျှောက်ထားသဉ်ကါး။ အရှင်မြတ်ဘုရား။ အရှင်မြတ်ဘုရား၏ဘွဲ့တော်မှာ။ အဘယ်မည်ပါသနည်း

ဟုမေးလျှော်သည့်တွင်။အရှင်နါဂသေနမထေရ်လည်း။မင်းကြီး
၏အလိုကိုသိလတ်သဖြင့်။တကာတော်မင်းမြတ်။ငါ၏ ဆရာတို့
က။ငါ့အားနာဂသေနမထေရ်ဟုခေါ်ဝေါ်၏။စင်စစ်သော်ကား။
နာဂသေနမထေရ်ဟုခေါ်ရန်ဝတ္ထုလည်းမရှိဟု မိန့်တော်မူရာ
တွင်။ မင်းကြီးလည်းတရားတော်ကိုအကျယ်အားဖြင့်နာလိုရ
ကား။ ဤအရှင်သည်ပင်စကားကိုအလုံးမကွဲပြောဟောတတ်
သည်ဟုကဲ့ရဲ့လေသဖြင့်။နါဂသေနမထေရ်လည်း။တကာတော်
ကျွန်ုပ်၏ နေရာကျောင်းသို့တကာမည့်ကဲ့သို့ လာခဲ့သနည်းဟု
မိန့်တော်မူရာ။အရှင်ဘုရားရထားနှင့်လာခဲ့ပါကြောင်းလျှောက်
လျှင်။အရှင်နာဂသေနမထေရ်လည်း။မင်းကြီးရထါးဟုအသင်အ
ဘယ်ဝတ္ထုကိုခေါ်သနည်း။လှဉ်းဘီးကိုခေါ်သလော။ ဝင်ရိုးနှင်
တံကိုပင်ခေါ်သလော။လှဉ်းထောက်ကိုပင်ခေါ်သလောဟုမေး
ကာလ။အရှင်ဘုရားလှည်းဘီးကိုလည်းရထားမခေါ်ပါ။ လှည်း
ထောက်သက်သက်ကြီးဖြင့်လည်းရထားမဟုတ်ပါ။လှည်းဘီး
လှည်းထောက်ဝင်ရိုးနှင့်တံအစရှိသောဝတ္ထုတို့ကိုတစုတည်း
ဘွဲ့စည်းအပ်သောအရာကိုသာ။ ပညတ်အားဖြင့်ရထားခေါ်ပါ
သည်ဟုလျှောက်လျှင်။မင်းကြီးဤသို့ပင်လူဟုပညတ်အပ်သော
ဝတ္ထုန္တိလည်းလက်ခြေ နှာခေါင်း နားရွက် ဇစရှိသော။ ၃၂
ကောဋ္ဌာသအစုသာလျှင်တည်း။ ပရမတ်တရားအားဖြင့်ကား။
လူမြင်းကျွဲနွားဟုအမြဲတည်၍ခေါ်ဝေါ်ရန်မရှိချေဟု မိန့်တော်မူ
၏။ ။ထိုအတူ။ငါ။သူတပါး။မိန်းမ။ယောကျ်ားဟုထင်မှတ်ခြင်း
ပင်သက္ကာယဒိဋ္ဌိမည်၏။ ။အင်္ဂုတ္တိုရ်အဋ္ဌကထာ၌။ ။အန္တမသော
သက္ကာယဒိဋ္ဌိဥပါဒါယပါပကမ္မံအပါယေသွေဝနိဗ္ဗတ္တန္တိ။ ။အန္တ
မသော။ အယုတ်သဖြင့်။ သက္ကာယဒိဋ္ဌိ။ ငါ။ သူတပါး။မိန်းမ
ယောကျ်ား။ဆင်။မြင်း။ကျွဲ။နွားစသည်ဖြင့်ထင်မှတ်သော်သက္ကာ
ယဒိဋ္ဌိအယူကို။ဥပါဒါယ။ အစပြု၍။ ပါပကမ္မံ။ မကောင်းမှုကံ
သည်။ အပါယေသွေဝ။အပါယ်ဘုံတို့၌သာလျှင်၊ နိဗ္ဗတ္တန္တိ။ဖြစ်
စေတတ်ကုန်၏။ဟုဟောတော်မူသည်။

၂၆။ ။ဤသက္ကာယဒိဋ္ဌိဟူသည်လည်းအခြားမဟုတ်ကုန်။ အတ္တကိုအစွဲပြု၍အထွေထွေတွေးတော၍ယူကြသောအယူဝါဒပင်တည်း။မည်သူ့အယူဝါဒကိုသက္ကာယဒိဋ္ဌိနည်းဟူမူ။ငါးပါးသောခန္ဓာ၌တပါးတပါးတွင် ၄ ပါးအပြားရှိ၏။ ။ရူပက္ခန္ဓာကိုအစပြု၍ ဘော်ပြအံ့။ ၎င်းရူပက္ခန္ဓာကို အမှီပြု၍ ဖြစ်သောသက္ကာယဒိဋ္ဌိ ၄ ပါးသော်ကား။ ။၁ ရူပံအတ္တတောသမနုပဿတိ။ ။၂ ရူပဝန္တံဝါအတ္တာနံသမနုပဿတိ။ ။၃ အတ္တနိဝါရူပံသမနုပဿတိ။ ။၄ ရူပသ္မိံဝါအတ္တာနံသမနုပဿတိဟူ၍၄ ပါးတည်း။ ။၁ ရူပံအတ္တတောသမနုပဿတိ။ရူပံ။ရုပ်ကို။အတ္တတော။အတ္တဟူ၍။သမနုပဿတိ။မှားသောရှုခြင်းဖြင့်ရှု၏။ ရုပ်ကိုအတ္တဟူ၍ရှုဆင်ခြင်ခြင်းမည်၏။မည်သို့ရှုသနည်းဟူမူ။ ညှိထွန်းအပ်သောဆီမီး၏အလျှံသည်ပင်လျှင်အဆင်းတည်း။အဆင်းသည်ပင်လျှင်အလျှံတည်းဟုမီးအလျှံနှင့်မီးအဆင်းကိုတပါးတခုတည်းသာဟုရှုသကဲ့သို့။ ရုပ်ဟူသည်အတ္တပင်တည်း။ အတ္တသည်ပင်ရုပ်တည်းဟု။ ရုပ်နှင့်အတ္တကိုတပါး တခုတည်းသာဟုရှုခြင်းကိုဆိုလိုသည်။ ဤသို့ရှုခြင်းကား ရုပ်သက်သက်ကိုအတ္တဟုယူခြင်း။ ။၂ ရူပဝန္တံဝါအတ္တာနံသမနုပဿတိ။ရူပဝန္တံဝါ။ရုပ်ရှိသောနာမ်တရားကိုမူလည်း။အတ္တာနံ။အတ္တဟူ၍။သမနုပဿတိ။ရှု၏။ အတ္တကိုစွဲ၍ရုပ်ဖြစ်သည်ဟုယူခြင်းမည်၏။ သစ်ပင်ကိုအရိပ်ရှိ၏ဟုရှုသကဲ့သို့။အတ္တကိုရုပ်ရှိသောတရားဟုရှုသည်။အတ္တကိုစွဲ၍ရုပ်ဖြစ်သည်ဟုလို။ဤသို့ရှုခြင်းကား။နာမ်သက်သက်ကိုအတ္တဟုယူခြင်း။ ။၃ အတ္တနိဝါရူပံသမနုပဿတိ။အနိတ္တဝါ။အတ္တ၌မူလည်း။ရူပံ။ ရုပ်ကို။သမနုပဿတိ။ရှု၏။ ရုပ်သည်အတ္တ၌မှီ၍သာဖြစ်၏ဟူ၍ရှုခြင်း။ဥပမါ။ပန်းပွင့်၌ပန်းနံ့သည်မှီ၍သာဖြစ်သည်။ပန်းပွင့်နှင့်ကင်း၍ပန်းနံ့မဖြစ်ဟုရှုခြင်း။ဤသို့ရှုခြင်းလည်းနာမ်သက်သက်ကိုသာအတ္တဟုယူသည်။ ။၄ ရူပသ္မိံဝါအတ္တာနံသမနုပဿတိ။ ရူပသ္မိံဝါ။ရုပ်၌မူလည်း။အတ္တာနံ။အတ္တကို။သမနုပဿတိ။ရှု၏။အတ္တသည်ရုပ်၌တည်သည်ဟု

ရှုဆင်ခြင်ခြင်း။ ဥပမာ။ကြုပ်ခွ်ရှိသောပတ္တမြားကို။ ကြုပ်ခွ်ပတ္တမြားရှိ၏ဟုရှုခြင်း။ ပတ္တမြားသည်ကြုပ်ခွ်တည်သကဲ့သို့။ အတ္တသည် ရုပ်ခွ်တည်၏ဟုရှုခြင်းတည်း။ ဤသို့ရှုခြင်းလည်း နာမ်သက်သက်ကိုပင်အတ္တဟုယူသည်။

၃၀။ ဝေဒနာက္ခန္ဓာ၌ဖြစ်သောသက္ကာယဒိဋ္ဌိတို့ကား။ ။၁ဝေဒနံအတ္တတော။သမနုပဿတိ။ ။၂ဝေဒနာဝန္တံဝါအတ္တာနံသမနုပဿတိ။ ။၃ အတ္တနာဝါဝေဒနံသမနုပဿတိ။ ။၄ ဝေဒနာယဝါအတ္တာနံသမနုပဿတိ။ဟူ၍လေးပါးတည်းထိုလေးပါးသောသက္ကာယဒိဋ္ဌိ၏အနက်ကိုကား။ ရူပက္ခန္ဓာကိုအစွဲပြု၍ဖြစ်သောသက္ကာယဒိဋ္ဌိမှာဤကဲ့သို့ပင် အနက်အဓိပ္ပါယ်ကိုသိလေ။

၃၁။ သညာက္ခန္ဓာ၌ဖြစ်သောသက္ကာယဒိဋ္ဌိကား။ ။၁သညံအတ္တတောသမနုပဿတိ။ ။၂ သညာဝန္တံဝါအတ္တာနံသမနုပဿတိ။ ။၃ အတ္တနိဝါသညံသမနုပဿတိ။ ။၄ သညာယဝါအတ္တာနံသမနုပဿတိ။ဟူ၍လေးပါးတည်း။ထို၄ပါးကိုလည်းအထက်မှာကဲ့သို့အဓိပ္ပါယ်ကိုသိလေ။

၃၂။ သင်္ခါရက္ခန္ဓာ၌ဖြစ်သောသက္ကာယဒိဋ္ဌိကား။ ။၁သင်္ခါရေအတ္တတောသမနုပဿတိ။ ။၂ သင်္ခါရဝန္တံဝါအတ္တာနံသမနုပဿတိ။ ။၃ အတ္တနိဝါသင်္ခါရေသမနုပဿတိ။ ။၄ သင်္ခါရေသုဝါအတ္တာနံသမနုပဿတိ။ဟူ၍လေးပါးတည်း။ထို၄ပါးကိုလည်းအထက်မှာကဲ့သို့အဓိပ္ပါယ်ကိုသိလေ။

၃၃။ ဝိညာဏက္ခန္ဓာ၌ဖြစ်သောသက္ကာယဒိဋ္ဌိကား။ ။၁ ဝိညာဏံအတ္တတောသမနုပဿတိ။ ။၂ ဝိညာဏဝန္တံဝါအတ္တာနံသမနုပဿတိ။ ။၃ အတ္တနိဝါဝိညာဏံသမနုပဿတိ။ ။၄ ဝိညာဏသ္မိံဝါအတ္တာနံသမနုပဿတိ။ဟူ၍ ၄ ပါးတည်း ထိုလေးပါးကိုလည်း။ အထက်မှာကဲ့သို့ အဓိပ္ပါယ်ကိုသိလေ။

ထိုသက္ကာယဒိဋ္ဌိအပါး၂၀တွင်။ရုပ်ကိုအတ္တ။ဝေဒနာကိုအတ္တ။

သညာ ကိုအတ္တ။ သင်္ခါရကိုအတ္တ ဝိညာဉ်ကိုအတ္တဟု ဟူသော ခန္ဓာ၅ပါး၌ အစအစဖြစ်သောသက္ကာယဒိဋ္ဌိ၅ပါးသည်ဥစ္ဆေဒဒိဋ္ဌိ ၌။ ကြွင်းသောသက္ကာယဒိဋ္ဌိ ၁၅ ပါးသည်သဿတဒိဋ္ဌိ၌ဝင်သည်ဟုအဋ္ဌသာလိနီ၌ဆိုတော်မူလေသည်။

၃၄။ ခန္ဓာ၅ပါးတို့၌။ အတ္တဟု စွဲယူထင်မှတ်ခြင်း၊ သက္ကာယဒိဋ္ဌိမကင်းမကွာသေးသမျှကာလပတ်လုံးထိုခန္ဓာ ၅ ပါးသင်္ခါရတရားတို့ကို အနတ္တသဘောဟုမသိမမြင်နိုင်။ ထိုသင်္ခါရတို့ကိုအနတ္တသဘောဟုဟုတ်မှန်စွာသိမြင်နိုင် ရှုနိုင်မှသာလျှင်လည်း မဂ်ကိုရနိုင်မည်ဖြစ်၍ သက္ကါယဒိဋ္ဌိ၏။ မဂ္ဂါဝရဏာဖြစ်ကြောင်းကိုရင်း။ ဤသက္ကာယဒိဋ္ဌိသည်မိစ္ဆတ္တနိယတတရားများကဲ့သို့အကျိုးပေးမြဲသည်မဟုတ်။တစုံတခုကုသိုလ်ကောင်းမှုကိုပြုသည်ရှိသော်။ ဗလဝဖြစ်သောထိုကုသိုလ်စေတနာသည်။သက္ကာယဒိဋ္ဌိနှင့်ယှဉ်သောစေတနာ၏အကျိုးပေးခွင့်ကိုတားမြစ်၍။ မိမိ၏သုဂတိဘုံ၌ အကျိုး ပေးခွင့်ကို ပြုနိုင်သော ကြောင့် သဂ္ဂါဝရဏာ မဖြစ်ကြောင်းကိုအဋ္ဌသာလိနီ၌ပြဆိုတော်မူလေသည်။

၃၅။ ဆိုခဲ့ပြီးသည့်အတိုင်း သက္ကာယဒိဋ္ဌိ ဖြစ်စေ တတ်သော။အတ္တ၏သဘောကိုအနတ္တလက္ခဏာတင်၍ ရှုဆင်ခြင်နိုင်သောကာလရင်းလက္ခဏာရေးမှတပါးသောအနိစ္စ၊ ဒုက္ခတို့ကိုအလိုလိုသိမြင်နိုင်ကုန်လတ့်။ထိုသက္ကာယဒိဋ္ဌိအပါး ၂၀ လုံးပင်အတ္တကိုအစွဲပြု၍ ဖြစ်ခြင်းကြောင့် ထိုဒိဋ္ဌိကို မဖြစ်စေ ခြင်းငှါ အတ္တတရား၏ အနှစ်အသာရကင်းသည့်အဖြစ်ကို သေချာစွာသိမှတ်ကြပါကုန်။ သာသနာတော်အပ၌သိမှတ်နိုင်ခြင်း။ ကြံစည်နိုင်ခြင်းမရှိပါ၊ ယခုအခါ ကြုံကြိုက်ပါလျက်နှင့်မှ။ ရလာသောအကျိုးကို မခံစားလိုက်ကြပါလျှင် နောင်ရှုံးခြင်းကြီး ရှုံးကြပါလိမ့်မည်။

၃၆။ ဤအနတ္တတည်းဟူသော လက္ခဏာရေးကို ရှုဆင်ခြင်နိုင်မှသံသရာဝဋ် ဆင်းရဲတည်းဟူသော ပဋိစ္စ သရုပ္ပါဒ်တရားကို လွန်မြောက် နိုင်ချေမည်။ ထိုပဋိစ္စ သရုပ္ပါဒ် တရားကို

သေချာစွာသိကါလ။သံသရာ၌ကျင်လည်ရာကျင်လည်ကြောင်းတို့ကိုမြင်လတံ့။ကြောက်ရွံ့လတံ့သည်လျှင်ကာတည်း။

၃၇။ မြတ်စွာဘုရားသခင်သည်။နေရဉ္ဇရာမြစ်ကမ်းအနီးရှေးနေခင်တော်တို့ ပွင့်တော်မူရာ။ မဟာဗုဒ္ဓဟောပင်ရိပ်ဝယ်။သတ္တာဟပတ်လုံး။ထက်ဝယ်ဖွဲ့ခွေနေတော်မူလတ်၍။ဝိမုတ္တိသုခကိုခံစားတော်မူလျက်သီတင်းသုံးနေတော်မူသောအခါ။ညဉ့်ဦးပဌမယာမ် ပတ်လုံး။ ပဋိစ္စသမုပ္ပါဒ်ကို။ အနုလုံ။ ပဋိလုံအားဖြင့်နှလုံးသွင်းတော်မူ၍။ယဒါဟဝေအစ။ သဟေတုဓမ္မံအဆုံးရှိသောဥဒါန်းဂါထာကို ကျူးရင့်တော်မူပြီးနောက်၊ ညဉ့်လယ်ဒုတိယယာမ်၌လည်းရှေးနည်းအတူပဋိစ္စသမုပ္ပါဒ်ကိုနှလုံးသွင်းတော်မူ၍။ယဒါဟဝေအစ။ပစ္စယာနံအဝေဒိအဆုံးရှိသောဥဒါန်းဂါထာကိုကျူးရင့်တော်မူသည်။ထိုနောက်။ပစ္ဆိမယာမ်၌လည်းရှေးနည်းအတူပဋိစ္စသမုပ္ပါဒ်ကိုနှလုံးသွင်းတော်မူ၍။ယဒါဟဝေအစ။သူရိယောဝ ဩဘာသမန္တလိက္ခံ အဆုံးရှိသောဥဒါန်းကိုကျူးရင့်တော်မူသည်။သတ္တမဝါတော်တွင်။ မာတုဘူတပုဗ္ဗ။သန္တ၊သီတနုတ်သားကို အမှူးပြု၍။ တာဝတိံသာနတ်ပြည်တွင်။ပင်လယ်ကသစ်ပင်ရင်း၌ခင်းအပ်သောကျောက်ဖျာထက်အဘိဓမ္မာရာတားတော်ကိုဟောတော်မူသတည်း။ ။ပဋိစ္စသမုပ္ပါဒ်ပါဠိတော်။ ။အဝိဇ္ဇာပစ္စယာသင်္ခါရာ။ သင်္ခါရပစ္စယာဝိညာဏံ။ဝိညာဏပစ္စယာနာမရူပံ။ နာမရူပပစ္စယာသဠာယတနံ။သဠာယတနပစ္စယာဖဿော။ဖဿပစ္စယာဝေဒနာ။ ဝေဒနာပစ္စယာတဏှာ။တဏှာပစ္စယာဥပါဒါနံ။ဥပါဒါနပစ္စယာဘဝေါ။ဘဝပစ္စယာဇာတိ။ဇာတိပစ္စယာ။ ဇရာမရဏသောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝ မေတဿ ကေဝလဿဒုက္ခက္ခန္ဓဿသမုဒယောဟောတိ။

၃၈။ အဝိဇ္ဇာယတွေဝအသေသဝိရာဂနိရောဓာ၊သင်္ခါရနိရောဓော။သင်္ခါရနိရောဓာ၊ဝိညာဏနိရောဓော။ ဝိညာဏနိရောဓာ၊နာမရူပနိရောဓော။ နာမရူပနိရောဓာ။ သဠာယတနနိ

ရောခေါ။သင္ခါယတနနိရောခါ၊ဖဿနိရောဓော။ ဖဿနိရော
ဓါ၊ဝေဒနာနိရောဓော။ ဝေဒနာနိရောဓါ၊ တဏှာနိရောဓော။
တဏှာနိရောဓါ၊ဥပါဒါနနိရောဓော။ ဥပါဒါနနိရောဓါ၊ဘဝနိ
ရောဓော။ဘဝနိရောဓါ၊ဇာတိနိရောဓေါ။ဇာတိနိရောဓါ၊ဇရာ
မရဏာသောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟော
တိ။ ။ဟူ၍ဟောတော်မူသည်။

၃၉။ အဝိဇ္ဇာအစရှိသောအကြောင်းတရားကြောင့်။သင်္ခါ
ရအစရှိသေါအကျိုးတရားဖြစ်ပုံကိုအထက်အပုဒ် ၆ တွင်ဘော်
ပြခဲ့ပြီးသော်လည်း။ယခုထပ်မံ၍ ပဋိစ္စသမုပ္ပါဒ်တရားတော်အ
စဉ်အတိုင်းဖြစ်စေရန်ဘော်ပြဦးအံ့။ ။မောဟစေတသိက်ဟူ
သောအဝိဇ္ဇာရှိသောပုဂ္ဂိုလ်သည်။ အဝိဇ္ဇာရှိသောကြောင့်သံ
သရာ၌ကျင်လည်ခြင်းဒုက္ခကိုဒုက္ခမှန်းမသိ။သုခထင်မှတ်၍။ဇာ
တိ။ဇရာ။ မရဏာတည်းဟူသော အပြစ်နှင့်ရောရှက်သော ကု
သိုလ်အကျိုးကို ရလေအောင်။ ကုသိုလ်ကံဟူသော ပုညာဘိ
သင်္ခါရကိုပြုမိ၍သံသရာဝဋ်ဆင်းရဲ၌ကျလေ၏။ကါမဂုဏ်ချမ်း
သာကိုရကြောင်းဖြစ်သော၍ပုညာဘိသင်္ခါရကိုပြုမိသူကား။
မီးတော်ကက်၏အရောင်အလင်းကိုတပ်သေါကြောင့်။မီးတေါက်
သို့ဆင်းသောပိုးကဲ့သို့ရင်း။ ပျားရည်ပေါက်ကိုတပ်မက်၍သန်
လျက်သွားရှိပျားရည်ကိုရက်မှားသောသူမိုက်ကဲ့သို့ရင်း။ ကု
သိုလ်ပုညာဘိသင်္ခါရကိုပြုမိ၍ရင်း၏အကျိုးကိုရသဖြင့် သံသ
ရာဝဋ်ဒုက္ခ၌ကျင်လည်ရ၏။ အဝိဇ္ဇာနှင့်ယှဉ်သောကိလေသာ
အစွမ်းဖြင့်။ ဒုစရိုက်တရားကို ပွါးများသူလည်း အကုသိုလ်အ
ပုညာဘိသင်္ခါရကိုပြုမိ၍ ၎င်း၏အကျိုးဖြစ်သော သံသရာဝဋ်
ဆင်းရဲ၌ကျင်လည်ရပြန်၏။ ။ကုသိုလ် အကုသိုလ်ကိုပြုမိ၍။
ကုသိုလ်အကုသိုလ်ကံအားလျော်စွာ။ပဋိသန္ဓေတည်သည်ဖြစ်
၍အဟိတ်ဝိပါက်တဆဲ့ငါး။မဟာဝိပါက်ရှစ်။ မဟဂ္ဂုတ်ဝိပါက်
ကိုး။ ပေါင်းသုံးဆဲ့နှစ်ခုကုန်သောဝိပါက်ဝိညာဉ်တို့သည် ဖြစ်

ကြကုန်၏။ ။ပဋိသန္ဓေဝိညာဉ်။ ပဝတ္တိဝိညာဉ်ဟူသော အကြောင်းကြောင့်။ ထိုဝိညာဉ်နှင့် သမ္ပယုတ်ဖြစ်သော ဝေဒနာ။ သညာ။သင်္ခါရဟူသောနာမ်သည်၎င်း။အညမညအစရှိသော ပစ္စည်းအဖြစ်ဖြင့်ကျေးဇူးပြုသောပဋိသန္ဓေအခါ။ပဝတ္တိအခါရကောင်းသောရုပ်တို့သည်၎င်း။ ထိုက်သည့်အား လျော်စွာဖြစ်ကြကုန်၏။ ။ပဋိသန္ဓေအခါနာမ်ရုပ်မှ။စက္ခုသောတစသောအဇ္ဈတ္တာယတနခြောက်ပါးဖြစ်၏။ထိုအဇ္ဈတ္တာယတနခြောက်ပါးရှိသောသူသည်ဗာဟိရာယတနခြောက်ပါးနှင့်တိုက်ဆိုင်မိသဖြင့်။ စက္ခုသမ္ဖဿအစရှိသောဖဿစေတသိက်တို့သည်ဖြစ်ကြကုန်၏။ ။တို့ဖဿသည် အာရုံနှင့် တွေ့ထိတတ်သောသဘောဖြစ်သောကြောင့်။သုခဒုက္ခဟုဆိုအပ်သောဝေဒနာသည်ဖြစ်၏။ ။သုခဝေဒနာ။ဒုက္ခဝေဒနာကိုခံစားရသောသူသည်တိုး၍စံစားလိုခြင်းခံရသောဝေဒနာမှလွတ်မြောက်၍သုခကိုစံလိုခြင်းတဏှာဖြစ်၏။ ။တဏှာဖြစ်သည်အားလျော်စွာရအပ်ပြီးသောပစ္စည်းဥစ္စာကိုငါပိုင်သည်။ငါ၏ဥစ္စာရတနာရွှေငွေဟုပျောက်ပျက်မည်ကိုစိုးရိမ်းသဖြင့်သိမ်းဆည်းခြင်း။ကာမဂုဏ်ကိုခံစားခြင်း၌အပြစ်မရှိသည်ကိုမသိသောကြောင့် ကာမစည်းစိမ်ကိုခံစားစံစားသော မိစ္ဆာဒိဋ္ဌိတို့ အယူကိုတဏှာဖြင့်တပ်မက်မော၍ပြုကျင့်မိခြင်း။ သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ရာကင်းလွတ်ကြောင်းဖြစ်သောမြတ်သော။ မဂ္ဂင်ရှစ်ပါးတရားကိုမသိသဖြင့်မိစ္ဆာဒိဋ္ဌိတို့က ကြံစည်၍ လက်ကိုတသက်ပတ်လုံးမြှောက်၍ကျင့်ခြင်း။မြေ၌ဝမ်းဖြင့်သွားခြင်း။ယဇ်ပူဇော်ခြင်းအကျင့်တို့ကိုတဏှာဖြင့်တပ်သဖြင့်စွဲလမ်းခြင်း။ အထက်ဆိုခဲ့ပြီးသည်အတိုင်းအတ္တဟုအယူရှိခြင်းတို့သည်တဏှာ၏အစွမ်းဖြင့်ဖြစ်သောဉပါဒါန်တို့တည်း။ဤဉပါဒါန်ရှိ၍မပြုသင့်သောကုသိုလ်အကုသိုလ်ကိုပြုမိ၍။ကမ္မဘဝသည်ဖြစ်၏။ ကမ္မဘဝတည်းဟူသော အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း၊ ဇာတိသည်ဖြစ်၏။ ။ပဋိသန္ဓေနေသောသူ၌ကား၊အိုခြင်း၊သေခြင်း၊သောက။

ပရိဒေဝ။ ဒုက္ခ။ ဒေါမနဿ၊ ဥပါယာသအစရှိသောဆင်းရဲအပေါင်းတို့သည်ဖြစ်၍။ တွေဝေမိန်းမောခြင်း အဝိဇ္ဇာသသဝ။ ထိုဆင်းရဲမှလွတ်လို၍ချမ်းသာကိုတောင့်တခြင်းကာမာသဝ။ ဘဝသစ်ကိုအလိုရှိခြင်းဘဝါသဝ၊ စွဲလမ်းမိရာ မှားသောအယူကိုယူမိခြင်းဒိဋ္ဌါသဝတို့သည်ဖြစ်၍ ကုသိုလ်အကုသိုလ်တို့ကိုပြုမိခြင်းသင်္ခါရတို့သည်ဖြစ်ပြန်သဖြင့် သံသရာစက်သည် မပြတ်နိုင်ဘဲသည်လေ၏ ။ဤကားပဋိစ္စသမုပ္ပါဒ်တရား၏အဓိပ္ပါယ်အကျဉ်းတည်း။

၄၀။ ဤသို့ဟောတော်မူသောပဋိစ္စသမုပ္ပါဒ်တရားတော်သည်။ ဂမ္ဘီရောစာယံ အနန္ဒပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသောစ။ဧတဿစပနန္ဒဓမ္မဿအညာဏာအနနုဗောဓါဧဝမယံပဇာ။တန္တာကုလကဇာတာ။ဂုဏဂုဏ္ဍိကဇာတာ။ မုဉ္ဇပဗ္ဗဇာဘူတာ။အပါယံဒုဂ္ဂတိံ ဝိနိပါတံသံသာရံနာတိဝတ္တတိ။ ။အာနန္ဒ။ ညီတော်အာနန္ဒာ။အယံပဋိစ္စသမုပ္ပါဒေါ၊ ဤပဋိစ္စသမုပ္ပါဒ်သည်။ ဂမ္ဘီရောစ။နက်သည်းနက်၏။ဂမ္ဘီရာဝဘာသောစ။နက်ယောင်လည်းထင်၏။မဏိဂင်္ဂါရေကဲ့သို့နက်သာနက်၍တိမ်ယောင်ထင်သည်လည်း မဟုတ်။ သစ်ရွက်ရေပုပ်ကဲ့သို့ နက်ယောင်သာထင်၍တိမ်သည်လည်းမဟုတ်။ အိုးခွက်၌ရေကဲ့သို့ တိမ်လည်းတိမ်။တိမ်ယောင်လည်းထင်သည်မဟုတ်။မဟာသာဂရ။အဏ္ဏဝရေအနေကဲ့သို့။နက်လည်းနက်၏နက်ယောင်လည်းထင်၏။ ။အာနန္ဒ။ အာနန္ဒာ။ဧတဿစဓမ္မဿ၊ထိုပဋိစ္စသမုပ္ပါဒ်တရားကိုလည်း။အညာဏာ။မသိခြင်းကြောင့်။ဧဝံ။ဤသို့သော အခြင်းအရာဖြင့်။အယံပဇာ။ဤသတ္တဝါအပေါင်းသည်။ တန္တာကုလကဇာတာ။မြဲဘ်ဆာချည်ထွေးကဲ့သို့ဖြစ်၍။ဂုဏဂုဏ္ဍိကဇာတာဂုဏမည်သောငှက်မ၏အသိုက်သဘွယ်ဖြစ်၍။ မုဉ္ဇပဗ္ဗဇာဘူတာ။ဖြူဆံမြက်ပြိတ်မြက်ကဲ့သို့ ဖြစ်၍။ အပါယံ။ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ။မကောင်းမှုကိုပြုသောသူတို့၏လားရာဖြစ်သော။ဝိနိပါတံ။ချမ်းသာအပေါင်းမှဖရိုဖရဲကျသောအပါယ်လေးပါးကိုရင်း။

သံသာရံ။ ခန္ဓာ အာယတနဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ခြင်းဟု
ဆိုအပ်သောသံသရာကိုဧဝင်း။ နာတိဝတ္တတိ။ မလွန်မြောက်နိုင်
လေ။ ။ဟူ၍ ဟောတော်မူသည်။

ဤပဋိစ္စသမုပ္ပါဒ်တရားကို ပညာဖြင့် တတ်စွမ်းနိုင်သမျှ မ
ပြတ်မလတ်ကြိုးစားကြည့်ရှုမှ။ ဤတေဘူမကာဝဋ်ဒုက္ခကိုမြင်
နိုင်မည်။သံသရာစက်တွင်ဖြစ်ပျက်ရခြင်းကို ဒုက္ခဟူ၍ယုံမှတ်
စွဲလမ်းနိုင်မှနိဗ္ဗာန်တရားကိုမျက်မှောက်ပြုရာရောက်သည်။

၄၁။ မြတ်စွာဘုရားသခင်သည်။ ဗာရာဏသီပြည်အနီး
မိဂဒါဝုန်တောကြီး၌ကောဏ္ဍညအမှူးရှိသောပဉ္စဝဂ္ဂီငါးပါးတို့
အား ဟောတော်မူအပ်သော။ သစ္စာလေးပါးကို သိခြင်းကိုပြု
တတ်သော။ကာမသုခလ္လိကာနုယောဂသဿတ ဒိဋ္ဌိဟူသော
တရားတစုအတ္တကိလမထာနုယောဂဥစ္ဆေဒဒိဋ္ဌိဟူသောတရား
တစု။ဤနှစ်စုတို့အလယ်၌ဖြစ်ခြင်း ကြောင့်မဇ္ဈိမပဋိပဒါအမည်ရှိ
သောကုရုတိုင်း၌ဟောကြားတော်မူအပ်သောမဟာသတိပဋ္ဌာ
နသုတ်ပါဠိတော်လာ။ ဒုက္ခနိရောဓဂါမိနိပဋိပဒါဖြစ်သော။ ရှစ်
ပါးသောအင်္ဂါကမင်္ဂမည်သော တရားတော်သည်ကား။
ကတမဉ္စဘိက္ခဝေဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စံ။အယ
မေဝအရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ။ သေယျ ထိဒံ။ သမ္မာဒိဋ္ဌိ။
သမ္မာသင်္ကပ္ပေါ။သမ္မာဝါစာ။သမ္မာကမ္မန္တော။သမ္မာအာဇီဝေါ
သမ္မာဝါယာမော။ သမ္မာသတိ။ သမ္မာသမာဓိ။ ။ဘိက္ခဝေ။
ရဟန်းတို့။ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စံ။ဒုက္ခ၏ချုပ်ရာ
နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သောအရိယသစ္စာသည်။
ကတမဉ္စ။အဘယ်နည်းဟူမူကား။အရိယော။မြတ်သော။ဝါ၊ ကိ
လေသာတို့မှဝေးသော။ဝါ။ အရိယာ၏အဖြစ်ကိုပြုတတ်သော
အဋ္ဌင်္ဂိကော။ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ အယမေဝမဂ္ဂေါ
ဤဆိုလတ့ံသော မင်္ဂပင်လျှင်တည်း။ ဣဒံဗ္ဗုမေမဂ္ဂါ။ ဤမင်္ဂတို့
သည်။ သေယျထာ ကထမေ။အဘယ်သည် တို့နည်း။သမ္မာ
ဒိဋ္ဌိ။ ကောင်းစွာသစ္စာ တရားကို မြင်ခြင်း။ သမ္မာသင်္ကပ္ပေါ။

ကောင်းစွာကြံခြင်း။ သမ္မာဝါစာ။ ကောင်းစွာဆိုခြင်း။ သမ္မာကမ္မန္တော။ ကောင်းစွာပြုခြင်း။ သမ္မာအာဇီဝေါ။ ကောင်းစွာအသက်မွေးခြင်း၊ သမ္မာဝါယာမော။ ကောင်းစွာအားထုတ်ခြင်း။ သမ္မာသတိ။ ကောင်းစွာအောက်မေ့ခြင်း။ သမ္မာသမာဓိ။ ကောင်းစွာတည်ကြည်ခြင်း။ ဤမေ။ ဤသည်တို့တည်း။ ဤသည်ပင်နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတို့၏ တရားရှစ်ပါးသောမဂ်တို့တည်း။

၄၂။ ဤသို့တရားတော်အစဉ်ဖြင့်သာ။ သမ္မာဒိဋ္ဌိ။ သမ္မာသင်္ကပ္ပကိုအစပြုရ၍ရင်းတရားအစဉ်အတိုင်းလိုက်နာကျင့်သုံးနိုင်သည်မဟုတ်။ ကုသိုလ်တရားတွင် အကြီးအမှူး ဖြစ်သောကြောင့်သာ။သမ္မာဒိဋ္ဌိကိုရှေးဦးစွာထား၍ဟောတော်မူသည့်ကျင့်သုံးဆောက်တည်ရန်အစဉ်ကိုကား။ မာရ်နတ်သားအားဆိတ်ကျောင်းပဉ္စောင်ပင် ရင်း၌။ သီလံသမာဓိံပညဉ္စ၊ မဂ္ဂံဗောဓာယဘာဝယံ။ပတ္တောသိပရမံသုဒ္ဓိံ။နိဟတောတွမသိအန္တက။ ။အန္တက၊ လောကကိုဖျက်ဆီးတတ်သော မာရ်နတ်။ အဟံ။ငါဘုရားသည်။သီလံ။အဓိသီလကိုရင်း။ သမာဓိံ။ အဓိစိတ္တဟူသောသမာဓိကိုရင်း။ ပညဉ္စ။ အဓိပညာဟူသောဝိပဿနာပညာကိုရင်း။မဂ္ဂံ။အရဟတ္တမဂ်ကိုရင်း။ ဗောဓာယ။သိခြင်းငှါ။ဘာဝယံ။ပွါးစေသည်ဖြစ်၍။ပရမံ။အမြတ်ဆုံးသော။သုဒ္ဓိံ။ကိလေသာတို့၏စင်ကြယ်ရာနိဗ္ဗာန်သို့။ပတ္တော။ရောက်သည်။အသို့ဖြစ်ပြီ။တွံ၊ သင်မှုကား၊ နိဟတော။သံသရာဝဋ်၌ဆင်းရဲသည်အသိ၊ဖြစ်၏။ ဤသို့မဂ်ဖိုလ်ကိုရအောင် မဂ္ဂင်ရှစ်ပါးကျင့်ဆောင်ရန်အစဉ်ဖြင့်ဟောတော်မူသည့်အတိုင်း။ သီလအစ။သမာဓိအလယ်။ပညာအဆုံးပြု၍ ကျင့်ဆောင်ရာ၏။

၄၃။ မဂ္ဂင်ရှစ်ပါး၌။ သီလဟူသည်။ သမ္မာဝါစာ။ သမ္မာကမ္မန္တော။ သမ္မာ အာဇီဝေါ။ ဟူ၍ ၃ပါး တည်း။ သမ္မာဝါယာမော။သမ္မာသတိ။ သမ္မာသမာဓိသည်သမာဓိ ၃ ပါးတည်း၊ သမ္မာဒိဋ္ဌိ။ သမ္မာသင်္ကပ္ပေါသည်ပညာ ၂ ပါးတည်း။ ။၃ ပါး

သောသီလဟူသည်ကား။ ကာယဒွါရစရိုက်တို့မှကြဉ်ရှောင်ခြင်း ဝိရတိ ဖြစ်၏။ ဝိရတိ ဟူသည်လည်း။ ဤသမ္မာ ဝါစာ။ သမ္မာ ကမ္မန္တာ။သမ္မာအာဇီဝေါဟူသောဝိရတိစေတသိက်ဖြစ်သော မဂ္ဂင် ၃ ပါးပင်တည်း။ ။သမာဓိဖြစ်လိုသောသူသည်။စိုးရိမ် ကြောင့်ကြ။ပလိဗောဓအမှုကိစ္စတို့ကိုဖြတ်၍လုံ့လဝီရိယထုတ် ပြီးလျှင်။သမထအာရုံ။ ဝိပဿနာအာရုံဟူသောအာရုံတခုခုကို ယူမှသမာဓိဖြစ်သည်။ဖြစ်သောသမာဓိကိုလည်း ကာမဝိတက် အစရှိသောသမာဓိ၏ဘေးရန်တို့ကိုသတိနှင့်စောင့်မှ ဘေးရန် ကင်း၍တည်နိုင်သည်။ ။ဥပါဒ်၊ ဌီ၊ ဘင်ရှိသမျှတရားသည်။အ နိစ္စ၊ ဒုက္ခ၊ အနတ္တသာဟုပညာဖြင့်ဆုံးဖြတ်ခြင်းဖြင့်သမ္မါသင်္ကပ္ပ။ သမ္မာဒိဋ္ဌိကို ပညာက္ခန္ဓာဟူ၍ ယူရသည်။ စာပုဒ် ၅၁ တွင်အ ကျယ်ဘော်ပြအံ့။

၄၄။ ဤသည်လျှင်နိဗ္ဗာန်ရကြောင်းသူတော် ကောင်းတို့ ၏တရားတဉ်း။ယခုအခါ။ကုသိုလ်အကုသိုလ်မျှသိသောပုဂ္ဂိုလ် တို့သည်။ဒါနသီလ။သာဝနာဟူသောအလှူပေးခြင်း။သတင်းသီ လဆောက်တည်ခြင်း။ ဘာဝနာကိုပွါးခြင်း အစရှိသဖြင့်ပြုကြ လေသော်လည်း။မိမိဘို့သဘောအရင်းခံမှာပင်။သံသရာ၌ကျင် လည်ရခြင်းကိုဆင်းရဲဟုစွဲလမ်း၍မထားနိုင်ကြကုန်။ရှေ့လာလ တံ့သောဘဝ၌။ယခုဘဝမှါထက်ကဲလွန်ကြီးမြတ်သောသုခကို ငါခံစားရစေသောဟုသဘောပိုက်၍သာ။ဒါနသီလကိုပွါးများ ကြသူလျှင်များ၏။ငါခံစားရစေသော။ဟူသောသဘောမှါပင်။ တဏှာ၏အစွမ်းဖြင့်ငါတည်း ဟူသောစွဲလမ်းခြင်းမကင်းနိုင်ရ ကား။၎င်း တို့ပြုသောကုသိုလ်ပင်လျှင်။ကုသိုလ်ပုညာဘိသင်္ခါရ ဖြစ်၍သံသရာစက်မှမထွက်မြောက်နိုင်ကုန်။ မိမိပြုသောဒါန၏ အကျိုးကိုလာလတံ့သောဘဝတို့၌ခံစားရလိုသူထက်။ယခုဘဝ မှာပင်ကျောင်းဆောက်ခြင်းဘုရားတည်ခြင်းဒါနကိုပြုသူအချို့ ကား မိမိပြုသော ဒါနကို လူအများသိစေလိုသောဆန္ဒ။ တဦး ထက်တဦးသာလွန်ကြီးမားသောဒါနကို ပြုနိုင်ပေသည်ဟု လူ

အများ၏ချီးပွမ်းခြင်းကိုအလိုရှိသောဆန္ဒ။ မိမိကျောင်းဆောက်
၍လျှင်ပင်။ လူမည်ကိုပြော၍ ကျောင်းတကာဟုခေါ်စေလိုခြင်း
ဆန္ဒတို့ဖြင့်သာပြုလုပ်သူများ၏။ ထိုသူတို့ကား၊ နောင်လာလတ္တံ့
သောဘဝမှာ။ ငါခံစားရစေသောဟု သဘောစေတနာနှင့်ဒါန
ကိုပြုသူထက်ပင်ယုတ်သေး၏။ သို့ပြုကြသောဒါနကား။ ကုန်ကြ
သောပစ္စည်းနှင့်လိုက်တန်အောင်အကျိုးမရှိ၊ အချည်းနှီးမျှပင်ဖြစ်
ချေ၏။ အချို့မှာမူ။ ဒါနပြုခြင်း၌။ နည်းလမ်းအစဉ်မည်သို့သဘော
ထားရန်ကိုမျှမသိကြသေးဖြစ်လေသည်၊ ဒါနပြုရာ၌။ သဘော
ထားရန်ကား။ မိမိ၌လေးသောဝန်ကိုရွက်ဆောင်ထားရာမှ။ ထို
ဝန်ကိုပစ်စွန့်လိုက်ရကါလဝမ်းမြောက်ဝမ်းသာ။ ထောက်ထား
ညှာတာခြင်းမရှိဘဲစွန့်ပစ်သကဲ့သို့။ ဒါနပြုရန်ဝတ္ထုကိုစွန့်ပစ်ရာ
၏။ ဥပမာ။ အလွန်ကြမ်းတမ်းသောခရီးကို သွားသော သူအား
မိတ်ဆွေတဦးက။ ဝတ္ထုတခုကို။ ဤမည်သောရွာကိုရောက်ကါ
လ။ ဤမည်သောလမ်း၌။ မည်သည့်သူအား ပေးခဲ့ပါဟု မှာထား
အပ်နှံလိုက်၏၊ ခရီးသွား ယောကျ်ားလည်း။ ခရီးကြမ်း တမ်း
သည်ကိုသိ၍၊ မိမိ၏မိတ်ဆွေအပ်နှင်းလိုက်သောဝတ္ထုကိုသည်
ပိုးကျည်းဆောင်ရန်လည်းခဲယဉ်း၏။ မသည်ပိုးမကျည်းဆေါင်
လိုဟူ၍ငြင်းဆိုရမည်လည်း။ မိတ်ဆွေရင်းဖြစ်၍ ထောက်ထား
အားနာ၏။ သို့ထေံထားခြင်းကြောင့် ထိုဝတ္ထုကိုသည်ပိုးခဲ့ရ
၍ခရီးလမ်း ကြမ်းသည့်နှင့် အလွန်ပင် ထိုဝတ္ထု၏ အကြောင်း
ကြောင့်၊ ကိုယ်စိတ်ပင်ဒုက္ခခံရ၏။ မှာထားလိုက်သော ရွာကို
ရောက်ကာလ၊ မှာလိုက်သည့်အတိုင်း သွားရောက်ရှာဘွေပို့
ဆက်တော့မည်ကြံဆဲတွင်။ ဝတ္ထုကိုအပ်နှင်းရမည်သူက ၎င်း
ခရီးသွားထံလာ၍မိမိ၏ အဆွေထံမှတစုံတရာ ဝတ္ထုပါလာပါ
သလောမေးကာလခရီးသွား သည်အလွန်ဝမ်းမြောက်ဝမ်းသာ
ပင်၊ ပါလာကြောင်းဖြင့် ပြောဆို၍ စိတ်ဒုက္ခ ကင်းရပေတော့
သည်ဟုညှာတာထောက်ထားခြင်းမရှိဘဲတခါတည်း အပ်နှင်း
လိုက်ဘိ သကဲ့သို့ အလှူဝတ္ထုကိုပင် ဒုက္ခဖြစ်စေ တတ်သော

ဝဋ္ဋဟုသဘောပိုက်၍ခရီးသွားယောကျ်ားကဲ့သို့ဝမ်မြောက်ဝမ်းသာထောက်ထားခြင်းမရှိဘဲပေးကမ်းရမည်။ သို့အလှူကိုမပြုမီ။ ပြုစဉ်။ ပြုပြီးနောက်ဖြစ်သော အခါတို့၌မိမိပြုသောကုသိုလ်ဒါနအတွက် တွန့်တိုခြင်းမရှိဘဲ။ အကွေ့ အကောက်မရှိသော။စည်းတိမ် သောင်တိမ်ကျောက်ဆောင်အနိမ့်မရှိသောတောင်ကျချောင်း၌ရေအယဉ်သည်တသွန်းတည်းဆင်းဘိသကဲ့သို့။တသွန်တည်းသောစေတနာဖြင့်။ ဒါနဝဋ္ဋပင်ဒုက္ခနှင့်ပြည့်သောဒုက္ခကိုဖြစ်စေတတ်သောဝဋ္ဋတည်း၊ထိုဝဋ္ဋကိုစွန့်ပစ်ရပေတော့သည်ဟု ဝမ်းမြောက်ဝမ်းသာဒါနကိုပြုရာ၏။

၄၅။ ဒါနပြုသည်ထက်။သီလဆောက်တည်ခြင်း။ဘာဝနာကိုပွါးစေခြင်းသည်မြတ်၏။ သို့မြတ်သောအကျင့်ကိုကျင့်သုံးဆောက်တည်နိုင်ကသာ၍သင့်လျော်သည်တကားဟုနှလုံးပိုက်လျက်။ကြိုးစားအားထုတ်ပြီးလျှင် သီလကိုဆောက်တည်ရာ၏။ဘာဝနာကမ္မဋ္ဌာန်းကိုစီးဖြန်းသဇ္ဈာယ်ရာ၏၊ ။သံသရာဝဋ်မှကျွတ်လွတ်ထွက်မြောက်စေခြင်း၌သမာဆန္ဒအာသိသရှိကြသောပုဂ္ဂိုလ်တို့မှာ။ ခန္ဓာငါးပါး။ အာယတနတဆဲ့နှစ်ပါး။ဓာတ်တဆဲ့ရှစ်ပါးတို့ကို။အနိစ္စ၊ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးသို့တင်၍ မပြတ်မလတ်အောံမေ့ဆင်ခြင်သဖြင့်။ ကိုယ်တွင်ရှိသောသက္ကာယဒိဋ္ဌိ။ ငါ။သူတပါး။မိန်းမ။ ယောကျ်ားဟုခေါ်ဝေါ်သမုတ်အပ်သောပညတ်စုမျှကိုရချမစွဲလမ်းဘဲ။ဓာတ်လေးပါးတို့၏အပေါင်းအစုမျှသာဖြစ်ချေ၏၊တကားဟု၊ဓာတုဝဝတ္တာကမ္မဋ္ဌာန်းကိုအဖန်တလဲလဲနှလုံးသွင်းရာ၏။

၃၆။ ဣမသ္မိံကာယေပထဝီဓာတု။ အာပေါဓာတု။ တေဇောဓာတု၊ဝါယောဓာတုတိ။ ။ဣမသ္မိံကာယေ။ ဤခန္ဓာကိုယ်၌။ပထဝီဓာတု။ခက်မာကြမ်းတမ်းခြင်းလက္ခဏာရှိသောပထဝီဓာတ်သည်။အတ္ထိ။ရှိ၏။အာပေါဓာတု။ ပြောင်းပျော့ယိုစီးခြင်းလက္ခဏာရှိသောအာပေါဓာတ်သည်။အတ္ထိ၊ရှိ၏။တေဇောဓာတု။ ပူခြင်းချမ်းခြင်း။ချောက်သွေ့ခြင်းလက္ခဏာရှိသောတေ

ဇောဓာတ်သည်။ အတ္ထိ။ ရှိ၏။ ဝါယောဓာတု၊ ရွေ့ခြင်းလှုပ်ရှားခြင်းလက္ခဏာရှိသောဝါယောဓာတ်သည်၊ အတ္ထိ။ ရှိ၏။ စတုန္နံဓာတူနံ။ ဝဝတ္ထာနံ။ စတုဓါတုဝဝတ္ထာနံ၊ ဓာတုမနသိကာရောဓာတုကမ္မဋ္ဌာနံ။ ။စတုန္နံ။ လေးပါးကုန်သော။ ဓာတူနံ၊ မိမိခန္ဓာ၌ရှိသောပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်။ ဝါယောဓာတ်ဟုဆိုအပ်သောဓါတ်လေးပါးတို့ကို။ ဝဝတ္ထာနံ။ ပိုင်းခြား၍မှတ်သားခြင်းသည်။ စတုဓာတုဝဝတ္ထကမ္မဋ္ဌာန်းမည်၏။ ဓာတုမနသိကာရော။ မိမိသဏ္ဍာန်၌ရှိသောဓာတ်လေးပါတို့ကိုနှလုံးသွင်းခြင်းသည်။ ဓာတုကမ္မဋ္ဌာနံ။ ဓာတုကမ္မဋ္ဌာန်းမည်၏။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

၄၇။ ။ဣမသ္မိံကာယေ။ ပထဝီဓာတု၊ အနိစ္စာဒုက္ခာအနတ္တာ။ ။ဣမသ္မိံကာယေ၊ အာပေါဓာတု။ အနိစ္စာဒုက္ခာအနတ္တာ။ ။ဣမသ္မိံကာယေ။ တေဇောဓာတု။ အနိစ္စာဒုက္ခာအနတ္တာ။ ။ဣမသ္မိံကာယေ။ ဝါယောဓာတု။ အနိစ္စာဒုက္ခာအနတ္တာ၊ ။ဤကား အနိစ္စဒုက္ခအနတ္တ လက္ခဏာရေးသုံးပါးကို ဓာတ်လေးပါး သို့တင်၍ အောက်မေ့ ဆင်ခြင်ရန် ဝိပဿနာကမ္မဋ္ဌာန်းတည်း။ အဓိပ္ပါယ်ကား အသိလွယ်၍မရေးလိုက်ပြီ။ ။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ။ သညာက္ခန္ဓာ။ သင်္ခါရက္ခန္ဓာ။ ဝိညာဏက္ခန္ဓာ။ ငါးပါး။ ။ရူပက္ခန္ဓောမေ။ အနိစ္စာဒုက္ခာအနတ္တာ။ ဝေဒနာက္ခန္ဓောမေ။ အနိစ္စာဒုက္ခာအနတ္တာ၊ သညာက္ခန္ဓောမေ။ အနိစ္စာဒုက္ခာအနတ္တာ။ သင်္ခါရက္ခန္ဓောမေ။ အနိစ္စာဒုက္ခာအနတ္တာ၊ ဝိညာဏက္ခန္ဓောမေ၊ အနိစ္စာဒုက္ခာအနတ္တာ။ ။မေ၊ ငါ၏။ ရူပက္ခန္ဓော။ ရုပ် ၂၈ ဟုဆိုအပ်သောရူပက္ခန္ဓာသည်၊ အနိစ္စာ။ အမြဲမရှိကုန်။ ဒုက္ခာ။ ဆင်းရဲကုန်၏။ အနတ္တာ၊ အလိုသို့မလိုက်အစိုးမရသောသဘောကြောင့် အတ္တ မဟုတ်ကုန်။ မေ၊ ငါ၏။ ဝေဒနာက္ခန္ဓော၊ ဝေဒနာစေတသိက်ဟုဆိုအပ်သောဝေဒနာက္ခန္ဓာသည်၊ အနိစ္စာ။ အမြဲမရှိကုန်၊ ဒုက္ခာ။ ဆင်းရဲကုန်၏။ အနတ္တာ၊ အလိုသို့မလိုက်အစိုးမရသောသဘောကြောင့်၊ အတ္တမဟုတ်ကုန်။ မေ။ ငါ၏။

သညာက္ခန္ဓော၊ သညာစေတသိက်ဟုဆိုအပ်သောသညာက္ခန္ဓာ
သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အ
လိုသို့မလိုက်အစိုးမရသောသဘောကြောင့်အတ္တမဟုတ်ကုန်။
မေ၊ ငါ၏။ သင်္ခါရက္ခန္ဓော၊ အကြွင်းစေတသိက်ငါးဆယ်ဟုဆို
အပ်သော သင်္ခါရက္ခန္ဓာသည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊
ဆင်းရဲကုန်၏။ အနတ္တာ၊ အလိုသို့မလိုက်အစိုးမရသောသဘော
ကြောင့်အတ္တမဟုတ်ကုန်။ မေ၊ ငါ၏။ ဝိညာဏက္ခန္ဓော၊ စိတ်တခု
ယုတ်ကိုးဆယ် အကျယ် တရာ့နှစ်ဆဲ့တပါးဟု ဆိုအပ်သော
ဝိညာဏက္ခန္ဓာသည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်
၏။ အနတ္တာ၊ အလိုသို့မလိုက်အစိုးမရခြင်းသဘောကြောင့်အတ္တ
မဟုတ်ကုန်။ ။ပဉ္စက္ခန္ဓာ မေအနိစ္စာ။ ပဉ္စက္ခန္ဓာ မေဒုက္ခာ။
ပဉ္စက္ခန္ဓာမေအနတ္တာ။ ။မေ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးအ
ပေါင်းသည်၊ အနိစ္စာ၊ အမြဲမရှိကုန်။ မေ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာ
ငါးပါတရားအပေါင်းသည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ မေ၊ ငါ၏။
ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတရားအပေါင်းသည်။ အနတ္တာ၊ အလိုသို့
မလိုက်အစိုးမရခြင်းသဘောကြောင့်အတ္တမဟုတ်ကုန်။ ။ဤ
ကားခန္ဓာငါးပါးတည်းဟူသောလောကီလောကုတ္တရာတရား
နှစ်ပါး၏အပေါင်းအစုတို့၌။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေး
သုံးပါးကိုတင်၍ အောက်မေ့ဆင်ခြင်ရန် ဝိပဿနာကမ္မဋ္ဌာန်း
တည်း။ ။လောကုတ္တရာတရားသက်သက်မှာမူနာမက္ခန္ဓာ
လေးပါးတည်း။ ရုပ်တရားသည် လောကီတရားစင်စစ်ဖြစ်ရ
ကား၊ ရုပ်တရားနှင့်တကွ လောကီနာမက္ခန္ဓာ တရားလေးပါး
ခန္ဓာ လည်းမည်၏။ ဥပါဒါနက္ခန္ဓာ လည်းမည်၏။ ထိုဥပါဒါ
နက္ခန္ဓာကိုလည်းခန္ဓာငါးပါးမှာကဲ့သို့ပင် ဝိပဿနာကမ္မဋ္ဌာန်း
ကိုစီးဖြန်းလေ။

စက္ခာယတနံ။ သောတာယတနံ။ ဃာနာယတနံ၊ ဇိဝှါယတနံ၊
ကာယာယတနံ။ ရူပါယတနံ။ သဒ္ဒါယတနံ။ ဂန္ဓာယတနံ။ ရသာယ
တနံ။ ဖောဋ္ဌဗ္ဗာယတနံ။ မနာယတနံ။ ဓမ္မာယတနံအားဖြင့်အာယ

တနတဆဲ့နှစ်ပါးတည်း။ ။ရုပ် ၂၈ ခုတို့တွင်။ ဩဠာရိကရုပ် ၁၂ ခု
တို့၌အကျုံး ဝင်သော။ စက္ခုပသာဒသည်စက္ခာယတနမည်၏။
သောတပသာဒသည်သောတာယတနမည်၏။ ဃာနပသာဒသည်
ဃာနာယတနမည်၏။ ဇိဝှါပသာဒသည်ဇိဝှါယတနမည်၏။ ကာ
ယပသာဒသည်ကာယာယတနမည်၏။ ရူပါရုံသည်ရူပါယတန
မည်၏။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။ ဂန္ဓာရုံသည်ဂန္ဓာယ
တနမည်၏။ ရသာရုံသည်ရသာယတနမည်၏။ ပထဝီ၊ တေဇော၊
ဝါယောဟုဆိုအပ်သော မဟာဘုတ်သုံးပါးသည် ဖေါဋ္ဌဗ္ဗါယ
တနမည်၏။ စိတ်တခုယုတ်ကိုးဆယ် အကျယ်တရာ့နှစ်ဆဲ့တ
ပါးသည်မနာယတနမည်၏။ ဩဠာရိကရုပ် ၁၂ မှကြွင်းသော
သုခုမရုပ် ၁၆ ခု စေတသိက် ၅၂ ခု။ နိဗ္ဗာန်တရားသည်ဓမ္မာယတန
မည်၏။ ။စက္ခာယတနာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ။သောတာ
ယတနာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ။ဃာနာယတနာ အနိစ္စာ ဒုက္ခာ
အနတ္တာ။ ။ဇိဝှါယတနာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ။ကာယာယ
တနာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ။ရူပါယတနာ အနိစ္စာ ဒုက္ခာ အ
နတ္တာ။ ။သဒ္ဒါယတနာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ။ဂန္ဓါယတနာ
အနိစ္စာ ဒုက္ခာ အနတ္တာ။ ။ရသာယတနာ အနိစ္စာ ဒုက္ခာ အ
နတ္တာ။ ။ဖေါဋ္ဌဗ္ဗာယတနာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ။မနာယ
တနာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ။ဓမ္မာယတနာ အနိစ္စာ ဒုက္ခာ အ
နတ္တာ။ ။ဤကား အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးတို့ကို
အာယတန ၁၂ ပါး၌တင်၍ အောက်မေ့ဆင်ခြင်ရန်ဝိပဿနာ
ကမ္မဋ္ဌာန်း။

၄၈။ စက္ခုဓာတု။ သောတဓာတု။ ဃာနဓာတု။ ဇိဝှါဓာ
တု။ ကာယဓာတု။ ရူပဓာတု။ သဒ္ဒဓာတု။ ဂန္ဓဓာတု။ ရသဓာတု။
ဖေါဋ္ဌဗ္ဗဓာတု။ စက္ခုဝိညာဏဓာတု။ သောတဝိညာဏဓာတု။
ဃာနဝိညာဏဓာတု။ ဇိဝှါဝိညာဏဓာတု။ ကာယဝိညာဏဓာ
တု။ မနောဓာတု။ မနောဝိညာဏဓာတု။ ဓမ္မဓာတု အားဖြင့်ဓာတ်
၁၈ ပါးတည်း။ ။ရုပ် ၂၈ ခုတို့တွင်ဩဠာရိကရုပ် ၁၂ ခု၌အကျုံး

ဝင်သော။ စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ သောတပသာဒသည် သောတဓာတ်မည်၏။ ဃာနပသာဒသည် ဃာနဓာတ်မည်၏။ ဇိဝှါပသာဒသည် ဇိဝှါဓာတ်မည်၏။ ကာယ ပသာဒသည် ကာယဓာတ်မည်၏။ ရူပါရုံသည် ရူပဓာတ်မည်၏။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏။ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏။ ရသာရုံသည် ရသဓာတ်မည်၏။ ပထဝီ တေဇော ဝါယောဟု ဆိုအပ်သော မဟာဘုတ်သုံးပါးသည် ဖောဋ္ဌဗ္ဗ ဓာတ်မည်၏။ စက္ခုဝိညာဏ် နှစ်သည် စက္ခု ဝိညာဏ ဓာတ် မည်၏။ သောတဝိညာဏ်နှစ်သည် သောတဝိညာဏဓာတ်မည်၏။ ဃာနဝိညာဏ်နှစ်သည် ဃာနဝိညာဏ ဓာတ်မည်၏။ ဇိဝှါဝိညာဏ်နှစ်သည် ဇိဝှါညာဏ ဓာတ်မည်၏။ ကာယ ဝိညာဏ် နှစ်သည် ကာယဝိညာဏဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း။ သမ္ပဋိစ္ဆိုင်း နှစ်သည် မနောဓာတ်မည်၏။ နှစ်ပဉ္စ ဝိညာဏ် ၁၀ ပါး။ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းနှစ်မှ ကြွင်းကုန်သော ၇၆ ပါးသော စိတ်တို့သည် မနောဝိညာဏဓာတ်မည်၏။ စေတသိက် ၅၂ ပါး သုခုမရုပ် ၁၆ ခု။ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏။ ။စက္ခုဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ။ ။သောတဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ဃာနဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ဇိဝှါဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ကာယဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ရူပဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။သဒ္ဒဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ဂန္ဓဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ရသဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ဖောဋ္ဌဗ္ဗဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။စက္ခုဝိညာဏဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။သောတဝိညာဏဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ဃာနဝိညာဏဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ဇိဝှါဝိညာဏဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ကာယဝိညာဏဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ။ ။မနောဓာတု အနိစ္စာ ဒုက္ခာအနတ္တာ။ ။မနောဝိညာဏဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ဓမ္မဓာတုအနိစ္စာဒုက္ခာအနတ္တာ။ ။ဤကားအနိစ္စဒုက္ခအနတ္တလက္ခ

ဏာရေးသုံးပါးတို့ကိုဓါတ် ၁၈ ပါးတို့၌တင်၍အောက်မေ့ဆင် ခြင်ရန်ဝိပဿနာကမ္မဋ္ဌာန်း။

၄၉။ ရူပံအတီတာနာဂတပစ္စုပ္ပန္နံ။ အနိစ္စံခယဋ္ဌေန။ ဒုက္ခံ ဘယဋ္ဌေန။အနတ္တံအသာရကဋ္ဌေန။ ။ဝေဒနာအတီတာနာဂတ ပစ္စုပ္ပန္နာ။အနိစ္စာခယဋ္ဌေန။ဒုက္ခာဘယဋ္ဌေန။ အနတ္တာအသာရ ကဋ္ဌေန။ ။သညာအတီတာနာဂတပစ္စုပ္ပန္နာ။အနိစ္စာခယဋ္ဌေန။ ဒုက္ခာဘယဋ္ဌေန။အနတ္တာ အသာရကဋ္ဌေန။ ။သင်္ခါရာအတီ တာနာဂတ ပစ္စုပ္ပန္နာ။ အနိစ္စာ ခယဋ္ဌေန။ ဒုက္ခာ ဘယဋ္ဌေန။ အ နတ္တာအာရကဋ္ဌေန။ ။ဝိညာဏံအတီတာနာဂတ ပစ္စုပ္ပန္နံ။ အ နိစ္စံခယဋ္ဌေန။ဒုက္ခံဘယဋ္ဌေန။အနတ္တံအသာရကဋ္ဌေန။

၅၀။ သဗ္ဗေသင်္ခါရာအနိစ္စာ၊ယဒါပညာယပဿတိ။အထ နိဗ္ဗိန္ဒတိဒုက္ခေ၊ဧသမဂ္ဂေါဝိသုဒ္ဓိယာ။ ။သဗ္ဗေသင်္ခါရာဒုက္ခာ၊ယ ဒါပညာယပဿတိ။အထနိဗ္ဗိန္ဒတိဒုက္ခေ၊ဧသမဂ္ဂေါဝိသုဒ္ဓိယာ။ ။ သဗ္ဗေဓမ္မာအနတ္တာ၊ယဒါပညာယပဿတိ။အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါဝိသုဒ္ဓိယာ။ ။

၅၁။ သစ္စာလေးပါးဟူသော်ကား။ ။ ၁ ဒုက္ခသစ္စာ။ ၂ သမုဒယသစ္စာ ။၃ 'နိရောဓသစ္စာ။ ၄ မဂ္ဂသစ္စာ တို့တည်း။ ၁ဒုက္ခသစ္စာသည်။ဇရာမရဏတည်းဟူသောအိုခြင်းသေခြင်း ဒုက္ခတို့မည်၏။ ၂သမုဒယသစ္စါသည်။ဇရာမရဏဖြစ်ကြောင်း ဇာတိပဋိသန္ဓေနေခြင်းမည်၏။ ၃ နိရောဓသစ္စာသည်။ ဇာတိ ပဋိသန္ဓေ နေခြင်း။ ဇရာအိုခြင်း။မရဏ သေခြင်း တရားတို့ မှ ထွက်မြောက်ရာချုပ်ရာနိဗ္ဗာန်မည်၏။ ၄ မဂ္ဂ သစ္စာသည်ထို နိဗ္ဗာန်ကိုရောက်ကြောင်းမဂ္ဂင်ရှစ်ပါးမည်၏။ ။အထက်ဆိုခဲ့ သည့်အတိုင်း နိဗ္ဗာန်ရကြောင်းသည်ကား။ ဤမဂ္ဂင်ရှစ်ပါးမှတ ပါးတခြားလမ်းမရှိ။ဤမဂ္ဂင်ရှစ်ပါးသည်ပင်သိက္ခာသုံးပါးတည်း ဟူသောဂုဏ်သုံးပါး၌ဝင်၏။သီလအစ။သမာဓိအလယ်။ ပညာ အဆုံးရှိ၍အစ အလယ်အဆုံးတည်း ဟူသော ကောင်းခြင်းသုံး ပါးနှင့်ပြည့်စုံ၏။ ။သီလဂုဏ်၌ရေတွက်အပ်သော။သမ္မာဝါစာ

သမ္မာကမ္မန္တ။သမ္မာအာဇီဝတည်းဟူသောမဂ္ဂင်သုံးပါးကိုပဌမ
ကြပ်တည်းစွာကျင့်သုံးရာ၏။ ဤသုံးပါး၌ကား။ကာယဒုစရိုက်
ဖြစ်သော၊ ၁ ပါဏာတိပါတာ။သူ၏အသက်ကိုသတ်ခြင်း။ ၂ အ
ဒိန္နာဒါနာ၊အရှင်သည်ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်းမပေးသောသူ
တပါး၏ဥစ္စာကိုယူခြင်း၊ ၃ ကာမေသုမိစ္ဆာစာရာ၊ ကာမတို့၌
မှားယွင်းသော အကျင့်ကို ကျင့်ခြင်း။ ဒုစရိုက်သုံးပါးကို ကြဉ်
ရှောင်သဖြင့်။ သမ္မာကမ္မန္တမဂ္ဂင်ကို ရရာ၏။ ၄ မုသာဝါဒါ။မ
ဟုတ်မမှန်သောစကားကိုဆိုခြင်း။ ၅ ပိသုဏာဝါစာ။ သူတပါး
တို့စပ်ကြား၌ဂုံးစကား ဆိုခြင်း ။၆ ဖရုသ ဝါစာ။ ကြမ်းထမ်း
သောစကားကိုဆိုခြင်း။၇ သမ္ဖပ္ပလာပဝါစာ။ အကျိုးမဲ့ သောစ
ကားကိုဆိုခြင်း ဒုစရိုက် ၄ ပါးကိုကြဉ်ရှောင်သဖြင့်။ သမ္မာဝါ
စာမဂ္ဂင်ကို ရရာ၏။ ဤဒုစရိုက် ခုနစ်ပါးတို့ကို ဥစ္စာပစ္စည်းရ
ကြောင်းအသက်မွေးကြောင်းအသက်သေမည် အကြောင်းတို့
ကြောင့်သော်လည်း မပြုမကျင့်မိစ္ဆာအာဇီဝမှကြဉ်ရှောင်ခြင်း
လျှင်သမ္မာအာဇီဝမဂ္ဂင်မည်၏။ ဆိုခဲ့သောသီလရှစ်ပါးကိုစောင့်
ရှောင်ခြင်းဖြင့်၊ သီလဂုဏ်၌ ရေတွက်အပ်သောမဂ္ဂင်သုံးပါးကို
ရ၏။ ဤရှစ်ပါးသောသီလသည်လျှင်။ အာဇီဝဋ္ဌမကသီလမည်
၏၊ လူတို့၌ကားအခြားသီလထက် ဤအာဇီဝဋ္ဌမက သီလသည်
မဂ္ဂင်နှင့် ညီသည်၊ ဆိုခဲ့ပြီးသော ဒုစရိုက်ကို ကြဉ်ရှောင် နိုင်
မှသီလဂုဏ်မြောက်၍သမ္မာဝါယာမ၊ သမ္မာသတိ။သမ္မာသမာ
ဓိတည်းဟူသောသမာဓိဂုဏ်ကိုရ၏အဘယ်ကြောင့်နည်းဟူ
မူ။ ဤဆိုခဲ့ပြီးသော ဒုစရိုက်ကို မကြဉ်ရှောင် ဘဲ။ မဟုတ်မမှန်
သောစကားကိုပြောဆိုတတ်သူ၊ လူနှစ်ယောက်တို့၏ အချစ်
ပျက်အောင်ဂုံးတိုက်စကားပြောဆိုတတ်သူ။ သူတပါး နှလုံးမ
သက်သာအောင်ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုတတ်သူအကျိုး
မရှိအပြိန်အဖျင်းပျက်ချော် သောစကားကိုပြောတတ်သောသူ။
သတ္တဝါတို့ မချမ်းသာအောင်နှိပ်စက်ညှဉ်းဆဲသတ်ဖြတ်တတ်
သူ။ သူတပါးတို့ ရှာကြံသိမ်းဆည်းသောဥစ္စာကို ခိုးယူ

တိုက်ဖျက်တတ်သူ။ အသက်ကဲ့သို့ ချစ်မြတ်နိုးစွာသိမ်းဆည်းထားသောသူတပါး၏မယား သ္မီးပျိုစသည်တို့ကို ဖျက်ဆီးလုနှ ကျူးပြုကျင့်သူတို့ကိုခံရသူတို့က မျက်မုန်းကြိုး၍ ရန်ငြိုးထားပြီးလျှင်ရန်တုံ့ပြန်သဖြင့်ပစ္စုပ္ပန်၌ပင် ရန်သူများ၍ကိုယ် စိတ်နှစ်ပါးပင်ငြိမ်းချမ်းခြင်းမရှိ။ တွေးမိတိုင်းပင် တုန်လှုပ်ကြောက်ရွံ့ခြင်းဖြစ်ရကား။တရသောအာရုံ၌ရပ်တည်နိုင်ခြင်းမရှိ၍ သမာဓိကိုမရနိုင်ရာ။ သို့ဖြစ်၍ထိုထိုသောဒုစရိုက်တို့ကို ကြဉ်ရှောင်နိုင်မှသမာဓိဂုဏ်တည်းဟူသော သုံးပါးသောမဂ္ဂင်ကို ရမည်ဖြစ်သတည်း။သမာဓိဂုဏ်ကိုရရာရကြောင်းကိုမဆိုမှီ သီလ၌မြဲအပ်သည်ကိုဆိုဦးအံ့။

၅၂။ ဤပဋိစ္စသမုပ္ပါဒ်တည်းဟူသော သံသရာဝဋ်၌ ဖြစ်လေရာဘဝတွင်ဒုစရိုက်တရားကို မပွါးစီးဘဲနှင့်မူ ဒုက္ခမကင်းလေရကား။ ဒုစရိုက်ကိုကျင့်သူမှာ ဆိုဘွယ်ရာ မရှိ၊ စိတ်သုခကိုယ်သုခကိုမရလေရာ။ဤ ၃ ဘုံကားဒုက္ခမကင်းသောဘုံတို့တည်း။ ဒုက္ခကင်းသည်ကား နိဗ္ဗာန် တရားမှ တပါးအခြားမရှိကုန်ဟုသိလျက်ပင် ထိုဒုက္ခဘုံ၌ ဖြစ်လေရာရာဘဝကိုပင် တပ်မက်နှစ်သက်ပြန်ကြတဏှာ၏ဖြစ်လေရာရာဘဝပင်ဒုက္ခဟူသော်လည်း။ ထိုဘဝ၌ရှိသမျှသုခကိုပင် ခံစားဦးတော့အံ့ဟုကြံစည်တတ်ကြ၏။ သို့ခံစားမည် ကြံစည်သူတို့၌ ပဋိသန္ဓေနေခြင်းအိုခြင်းနာခြင်းသေခြင်းဒုက္ခကိုကားမလွန်နိုင်မအောင်မြင်နိုင်ဖြစ်လေရကား။ စစ်မြေပြင်အရပ်သို့ထွက်သော စစ်သူကြီး သည်ရန်ဘက်ဖြစ်သောစစ်တပ်တို့၌။ တတပ်ကား မိမိ၏တပ်ထက်စစ်အင်္ဂါပြည့်စုံ၏။ ထိုတပ်ကိုဖက်ပြိုင်၍ နိုင်မည်မဟုတ်သည်ကိုသိသတတ်၊ တတပ်ကား မိမိ၏တပ်ထက် စစ်အင်္ဂါယုတ်လျော့နည်းပါးသည်ကိုသိအံ့၊ ထိုစစ်သူကြီးသည်မိမိထက်သာလွန်ကြီးမားသည့် တပ်ကိုမြင်တွေ့ရုံမျှနှင့် အခြားတပ် ငယ်ကိုလည်း အောင်မြင်တော့မည် မဟုတ်ဟု စစ်မြေပြင်မှ ထွက်ခွါရှောင်တိမ်း၍ ငယ်သောတပ် စစ်သူကြီးကိုလည်းမိမိကအရှုံး

ပေးမှု။ ဤစစ်မြေအရပ်နှင့်စပ်ဆိုင်သမျှတွင် ထိုစစ်သူကြီးသည် ရှုံးခြင်းကြီးရှုံးသဖြင့်။ မိမိ၏အရှင်ပြည့်ရှင်မင်းကြီး၏ပေးသော ဒဏ်ကိုခံရရာ၏။ သို့မဟုတ်မူ၍။ ထိုစစ်သူကြီးသည်မိမိစစ်ထက်ကြီး၍အောင်မြင်မည်မဟုတ်သောတပ်ကိုမတိုက်သေးဘဲ။ မိမိနိုင်လောက်သောတပ်ငယ်ကိုတိုက်ခိုက်အောင်မြင်ပြီးကာလ။ ထိုတပ်ငယ်ကို လက်နက်ပြု၍ တပ်အလုံး အရင်း ကြီးကာလ။ တပ်မကြီးကိုတိုက်ခိုက်သော်။ ထိုစစ်မြေတွင်ပင်နိုင်လျှင်လည်း နိုင်အံ့။ မနိုင်သေးလျှင် လည်းပြည် တော်သို့ပြန်၍ ပြည့်ရှင်မင်းအားတပ်ငယ်ကိုအောင်ခဲ့ကြောင်းအားအင်မတူ၍တပ်မကြီးကို မတိုက်ခဲ့သေး။ ထပ်မံတပ်သားစုဆောင်းလိုကြောင်းလျှောက်လျှင်။ အောင်ခဲ့သောစစ်အတွက်ထိုက်သင့်ရာချီးမြှောက်၍တပ်တော်ကိုတဖြည်းဖြည်းကြီးမားစေ၍။ နိုင်လောက်သောအင်္ဂါနှင့်ပြည့်စုံမှ ထွက်၍တိုက်စေအံ့။ တိုက်ကာလလည်းတပ်ချင်းယှဉ်လျှင်မိမိ၏စစ်အင်္ဂါသာလွန်သဖြင့်အောင်မြင်အံ့သတည်း ထိုနည်းတူပင်။ သုံးဆဲ့တဘုံ၌ကျင်လည်သောဘဝ၌။ ဇာတိဇရာမရဏတည်းဟူသောတပ်မကြီးလည်းရှိ၏။ လောဘဒေါသမောဟတို့စီးနင်းကွပ်ကြပ်သောဆိုခဲ့သော ဒုစရိုက်တို့နှင့်ပြွမ်းသောတပ်ငယ်လည်းရှိ၏။ ထိုတပ်နှစ်တပ်စလုံးကိုပင်မတိုက်မခိုက်ဘဲအရှုံးပေးချေက။ ပြည့်ရှင်မင်း၏အပြစ်တည်းဟူသော သံသရာဝဋ်ဒုက္ခကိုရချခံရလတံ့။

ဤအရာ၌။ ဒုစရိုက်တရားကိုတပ်ငယ်ပမာထားခြင်းကား ဖြစ်လေရာဘုံတွင်ပင်ဒုစရိုက်ကိုပွါးဆည်းသူသည်။ ပစ္စုပ္ပန်မှါပင် ရန်သူများ၍ကိုယ်စိတ်နှလုံးသုံးပါး၏ချမ်းသါရာကိုမရကြောင်း အထက်ဘော်ပြခဲ့ပြီးဖြစ်သည့်အတိုင်းပင်။ ယခုလူ၏ဘုံ၌ ဖြစ်သည်ကိုပမာထားမှု။ ၎င်းလူသည်။ ဇာတိဇရာမရဏတပ်မကြီးကို မအောင်မြင်နိုင်သေး။ ၎င်းဒုက္ခကို မလွန်မြောက်နိုင် သေးသော်လည်း။ လွန်မြောက်အောင် မြင်နိုင်သော ဒုစရိုက်ကိုအကြောင်းပြု၍။ ဖြစ်ရာသောဒုက္ခကိုအောင်မြင်နိုင်လျက်(ဒုစရိုက်

ကို ရှောင်ကြဉ်နိုင်လျက်ဆိုလိုသည်။) ထိုအောင်မြင်နိုင်သော တပ်ငယ်ကို မှုတိုက်ခိုက်အောင်မြင်ခြင်းကိုမပြုလျှင်၊ ဤဘဝ၌ တပ်မကြီး၏ဒုက္ခတည်းဟူသောဇါတိဇရာမရဏတပ်ငယ်၏ ဒုက္ခတည်းဟူသောစိတ်ဒုက္ခကိုယ်ဒုက္ခကိုရသဖြင့်။ဤဘဝ၌လူ ဖြစ်၍၊ရသမျှသုခကိုခံစားမည်ကြံပါသော်လည်းမခံစားရလေ ရာ။လူဘဝသို့ရောက်ရခြင်း၌ရှုံးခြင်းကြီးရှုံးလေ၏။ တပ်ငယ်ကို တိုက်ခိုက်အောင်မြင်လျှင်။သို့အောင်မြင်သည့်အတွက်ပင်အကျိုး ကိုခံစားရရာ၌။ဒုစရိုက်တရားကိုရှောင်ကြဉ်၍အာဇီဝဋ္ဌမကသီ လကိုဖြစ်နိုင်က။ လောကုတ္တရာ အကျိုးကို မဆိုမူ၍။ လောကီ ပဋ္ဌပုပ္ပန်နိက်ပင်။ကိုယ်စိတ်နှလုံးသုံးပါးသော်ငြိမ်သက်ခြင်းကိုရ လေရာ၏။ သို့ဖြစ်၍နိဗ္ဗာန်ကိုထုတ်ချောက်မရောက်သေးသည် ကိုသိမှုရောက်ရာရောက်ကြောင်းဖြစ်သော်ဤအာဇီဝဋ္ဌမကသီလ ကိုကျင့်သုံးလျက်ငြိမ်သက်ခြင်းကိုခံစားရာ၏။သို့အာဇီဝဋ္ဌမက သီလကိုကျင့်သုံးသဖြင့်၊ စစ်သူကြီးသည်အောင်ပြီးသောတပ် ငယ်ကိုလက်နက်ပြု၍ တပ်မကြီးကိုတဖြည်းဖြည်း အောင်မြင် သကဲ့သို့၊ထိုသီလကိုကျင့်သုံးသဖြင့် တဖြည်းဖြည်းဇာတိ ဇရာ မရဏတည်းဟူသော တပ်မကြီးကို အောင်စေအပ်သတည်း။ သို့ဖြစ်၍ တပ်မကြီးကိုတိုက်ခိုက် အောင်မြင်စေနိုင်ရန်ငှင်း။ မ အောင်မြင်မီမင်း၏ငြိမ်းမြောက်ခြင်းကိုခံစားရရန်ငှင်း။တပ်ငယ် ကိုပဌမတိုက်သကဲ့သို့။ ဤလောဘနေသမောဟတို့၏။ အစိမ်ံ ကိုခံသောဒုစရိုက်ကို ရှောင်သဖြင့် သမ္မာအာဇီဝဖြင့် အသက် မွေးလျက်ငြိမ်သက်သောသမာဓိကိုတည်စေအပ်၏။

၅၃။ ထိုအာဇီဝ ဋ္ဌမကသီလကိုကျင့်သုံး ဆောက်တည် လျက်၊သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာသမာဓိဟူသောသမာ ဓိဂုဏ်ကိုပွါးစီးလျက်သမာဓိကိုဖြစ်စေရာသည်။ သမာဓိကိုရ ရန်နည်းကား၊ ကယ်ပေါက်ငါးခုနှင့်တကွ တွင်းမပေါက်ပါ ခြောက်ပေါက်ရှိသောတောင်ပို့၌ရှိသောဖွတ်ကိုဘမ်းလိုသော ယောကျ်ားသည်၊ ကယ်ပေါက်ငါးပေါက်က၊လုံစွာမပိတ်ဘဲ၊

ပွင်းမပေါက်ကသာဖွတ်ကိုတူးလျှင် ကယ်ပေါက် ငါးပေါက် အနက်အလိုရှိရာအပေါက်ကထွက်၍။ပြေးမည်ဖြစ်သောကြောင့် ကယ်ပေါက်ငါးပေါက်ကို လုံစွာပိတ်ပြီးမှ။ တွင်းမကဖွတ်ကို တူးလျှင်။အလိုရှိသောဖွတ်ကိုရသကဲ့သို့။မိုးမျိုးရှစ်ဆယ်တို့နေရာ။ သုံးဆဲ့နှစ်ကောဋ္ဌာသတို့၏ အစုဖြစ်သော တောင်မို့နှင့် တူသော ဤတလံမျှလောက်သောကိုယ်၌ ဖွတ်နှင့်တူသော စိတ်သည်ရှိ၏၊ထိုစိတ်သည်ဖွတ်ရိုင်းကဲ့သို့။ အလိုရှိတိုင်းရူပါရုံအစရှိသော၊အာရုံခြောက်ပါးတို့၌ကျင်လည်ကျက်စား၍ကာမဂုဏ်၌ပျော်မွေ့လျက်ရှိ၏။ ထိုစိတ်ကိုတခုသောဝိပဿနာအာရုံ၌ရပ်တည်အောင် ဘမ်းရမည် ဖြစ်သောကြောင့်။ ဤတောင်မို့ဟူသောကိုယ်၌။ စက္ခုအစရှိသော ပဉ္စဒွါရတည်းဟူသောကယ်ငါးခု။ မနောဒွါရတည်းဟူသော တွင်းမပေါက် တခုအားဖြင့်။ အပေါက်ခြောက်ခုရှိသည်အနက်။ မနောဒွါရဟူသော တွင်းမအပေါက်က။ ဖွတ်တည်းဟူသောစိတ်ကိုမိအောင်တူး၍ ဘမ်းလျှင်။ ဒွါရငါးပေါက်တို့ကို တိုက်ဆိုင် လာသော ရူပါရုံ အစရှိသောအာရုံငါးပါးတို့နောက်ကိုလိုက်၍။ ပဉ္စဒွါရဟူသောကယ်ပေါက်ငါးခုတို့တွင်။အလိုရှိရာအပေါက်က။ ဖွတ်ဟူသောစိတ်ထွက်သွားမည်ဖြစ်သောကြောင့်။ ထိုကယ်ပေါက်ငါးခုနှင့်တူသောပဉ္စဒွါရကို။ ရူပအစရှိသော အာရုံငါးပါးတည်းဟူသော ကာမဂုဏ်ငါးပါးနှင့်မဆိုင်မိရအောင်ဆိတ်ငြိမ်ရာသို့ကပ်၍။ထိုထိုအာရုံကိုနှလုံးမသွင်း၊မကြားစေ၊မမြင်စေ၊ မတွေ့စေဘဲ။ပဉ္စဒွါရတည်းဟူသောကယ်ပေါက်ငါးခုကိုပိတ်၍။ မနောဒွါရဟူသောတွင်းမပေါက်က ဖွတ်ဟူသော စိတ်ကို မိအောင်ဘမ်း၍ ရပ်စေရမည်။

၅၄။ ထိုကဲ့သို့မိအောင်ဘမ်းရာစိတ်တို့မည်သည်။ ရေ၌သာပျော်ပါးသောငါးကဲ့သို့ ရမိရန်စားသော်ရန်ဟူသောကာမဂုဏ်ငါးပါး၌သာကျက်စားပျော်ပါးလေ့ရှိသောကြောင့် ရေ

နှင့်ပျော်ပါးသောငါးကို။ကုန်းသို့တင်သကဲ့သို့။ရုန်းရင်းတုန်လှုပ်သည်ကာလ။သမ္မာဝါယာမ။ မဂ္ဂင်ဟူသောဝီရိယဖြင့်။ငါးကိုမလှုပ်နိုင်အောင်မြဲမြဲကိုင်သကဲ့သို့ အားထုတ်၍ဘမ်းရမည်။ ယင်းသို့အားထုတ်၍ဘမ်းသော်လည်း။ ဒွဲ ဘမ်းနေရာမကျ။ အကိုင်နေရာမကျလျှင်လွတ်သကဲ့သို့ သမထဝိပဿနာအာရုံ၌စိတ်ကိုရမိအောင်။ဝီရိယထုတ်၍ဘမ်းရာ။ဝီရိယအားထုတ်ကြီး၍ စိတ်ပြန့်လွင့်ခြင်းဥဒ္ဓစ္စ။သိတ်ငြိမ်ရာသို့ရောက်သောကြောင့်။ ပျင်းရိခြင်းအိပ်ခြင်းငိုက်မြည်းခြင်းထိနမိဒ္ဓဖြစ်၍။ စိတ်သည်အာရုံ၌မတည်။လွတ်တတ်သောကြောင့်ဖွတ်ကိုဘမ်းရာသတိနှင့်မယှဉ်မလွန်စေရမိအောင်ဘမ်းသကဲ့သို့။သမ္မာဝါယာမဖြင့်အားထုတ်၍ဘမ်းရာ။ ထိုဝီရိယလွန်ခြင်း ဥဒ္ဓစ္စယုတ်လျော့ခြင်း ထိနမိဒ္ဓမဖြစ်ရအောင်သမ္မာသတိမဂ္ဂင်တည်းဟူသော သတိဖြင့်ကြပ်၍စိတ်ကိုမလွတ်အောင်ဘမ်းပြီးလျှင်ဆိုကဲ့ပြီးသည်အတိုင်းထိုသုတမယဉာဏ်ဖြင့် သိပြီးသော ပဋိစ္စသမုပ္ပါဒ်အလုံးစုံကို။ လက်ဝါး၌တင်ထားအပ်သောဆီးဖြူရှစ်ရှားကဲ့သို့ဉာဏ်ဖြင့်တပ်တပ်မြင်အောင်။ဆင်ခြင်ပြုဆဲ့ရှုရမည်။စိတ်ကိုထိုအာရုံမှအခြားသို့မသွားဘဲရပ်၍တည်ကြည်နိုင်အောင်ဘမ်း၍သွင်းရမည်။ဤသို့ရပ်တည်ခြင်းသမာဓိကိုရ၍သိတ်ငြိမ်ရာ၌ဆိုခဲ့ပြီးသောအထွေထွေတို့ဖြင့်။ထိုပဋိစ္စသမုပ္ပါဒ်ကိုအဖန်တလဲလဲ သမ္မာသင်္ကပ္ပဖြင့်ကြံစည်၍။သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသောဉာဏ်ဖြင့်ရှုဆင်ခြင်သည်ရှိသော်ဆံဖြူခြင်း။ သွားကျိုးခြင်းအစရှိသောရုပ်၏ထင်ရှားသော ပါကဋဇရာ။ နာမ်ရုပ်တို့၏ ဌီခဏဟုဆိုအပ်သော အပါကဋ ဇရာဖြစ်သောနာမ်ရုပ်တို့၏အိုခြင်းရင့်ခြင်းသည်ဇရာမည်၏။တဘာဝဖြင့်ပိုင်းခြားအပ်သော သေခြင်းဟူသောသမုတိမရဏ။ နာမ်ရုပ်တို့၏ဘင်ဟူသောခဏိကမရဏတို့သည်။မရဏမည်၏။

၅၅။ ထိုဇရာမရဏတို့သည်။ဆင်းရဲခြင်းဒုက္ခသစ္စာမည်၏။ ဇာတိသည်ဇရာမရဏ၏ဖြစ်ကြောင်းသမုဒယသစ္စာမည်